ခန္တီစ ဇတံ မင်္ဂလမုတ္တမံ၊ သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၂၀ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၉၁)

ရင်း ရင်း နှီး နှီး နှုတ် ဆက်

ဂါရဝပြုတွေ့ဆုံနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်အား ဇူလိုင် ၁၃ ရက်တွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ Fujian ခန်းမသို့ သွားရောက်၍ ဂါရဝပြုတွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နှစ်နိုင်ငံနားလည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုတိုးတက်ဖြစ်ထွန်း
မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကူညီပံ့ပိုးသွားမည်
နှစ်နိုင်ငံကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားမည်
နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်
တရုတ်သမ္မတမစ္စတာဟူကျင်တောင်အား တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဇူလိုင် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်အား ဇူလိုင် ၁၃ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ Fujian ခန်းမသို့ သွားရောက်၍ ဂါရဝပြုတွေ့ဆုံ နှုတ်ဆက်သည်။ စာမျက်နှာ ၃ ကော်လံ ၁ ✳

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်တောင်တို့ ဇူလိုင် ၁၃ ရက်တွင် ပေကျင်းမြို့ ပြည်သူ့ ခန်းမဆောင်ကြီးရှိ Fujian ခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ ဥက္ကဋ္ဌမစ္စတာဝူဘန်ကိုအားတွေ့ဆုံ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်လေးစားရေးဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုအား ဇူလိုင် ၁၃ ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဧည့်ခန်းမသို့ သွားရောက်၍ တွေ့ဆုံနှုတ်ဆက်သည်။ စာမျက်နှာ ၃ ကော်လံ ၅ ✡

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်)

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ပေးသည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ တရုတ်နိုင်ငံ ချစ်ကြည်ရေးခရီး

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ နှစ်ပရိစ္ဆေဒရှည်ကြာစွာကပင် တည်ရှိခဲ့သည့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့သည် ယနေ့ထက်တိုင် ကျေနပ်အားရဖွယ် တိုးတက်ကောင်းမွန်လျက် ရှိသည်။

နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန်သွားရောက်လည်ပတ်ခြင်းဖြင့် ချစ်ကြည်ရေး ပိုမိုနက်ရှိုင်းစေခဲ့ခြင်းကိုလည်း ဆက်လက်ထိန်းသိမ်း ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များလိုက်ပါလျက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၏ ဖိတ်ကြားချက်အရ ဇူလိုင်လ ၁၁ရက်နေ့မှ ၁၈ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ဇူလိုင်လ ၁၂ရက်နေ့ညနေပိုင်းက ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၌ ကျင်းပခဲ့ပြီး နှစ်နိုင်ငံဝန်ကြီးချုပ်တို့သည် ပြည်သူ့ခန်းမဆောင်ကြီး၏ အရှေ့ဘက်ခန်းမကြီး၌ တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က–

"နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအတွက် စွမ်းအင်၊ သတ္တု၊ ရေအားလျှပ်စစ်၊ လယ်ယာစိုက်ပျိုးရေး၊ ဆက်သွယ်ရေး၊ စက်မှုနှင့်ကုန်သွယ်ရေး ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ အကျိုးတူ ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ မြန်မာနိုင်ငံ လယ်ယာ၊ စက်မှု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ သတ္တုနှင့် သစ်တောကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် နယ်ပယ်အများအပြားရှိပါကြောင်း၊ မြန်မာနိုင်ငံကို နိုင်ငံတကာမျက်နှာစာတွင်ရော ပြည်တွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်ပါ တရုတ်နိုင်ငံက အထူးကူညီပေးလျက်ရှိခြင်းကို ကျေးဇူးတင်ပါကြောင်း၊ နိုင်ငံတကာရေးရာကိစ္စတွင် မြန်မာနှင့်တရုတ်နိုင်ငံတို့သည် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် တရုတ်တစ်နိုင်ငံတည်း မူဝါဒကို နိုင်ငံတကာနယ်ပယ်တွင် ကျင့်သုံးရပ်တည်ပေးရန် ကတိပြုကြောင်း"

ဆွေးနွေးပြောကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်ကလည်း–

"တရုတ်နိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရာတွင် မြန်မာနိုင်ငံကို အလေးထားမည်ဖြစ်ကြောင်း၊ တရုတ် တစ်နိုင်ငံတည်းမူဝါဒကို ထောက်ခံရပ်တည်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်း၊ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရာတွင် စွမ်းအင်၊ သတ္တုတွင်း၊ ဆက်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေးကို အားဖြည့်ပေးလိုကြောင်း၊ မြန်မာနိုင်ငံမှ အဆိုပြုသည့် စီးပွားရေးစီမံကိန်းများအတွက် အကူအညီများပေးလျက်ရှိကြောင်း"

ပြန်လည်ဆွေးနွေး ပြောကြားခဲ့သည်။

နှစ်နိုင်ငံဝန်ကြီးချုပ်များ၏ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံအစိုးရတို့အကြား စီးပွားရေးနှင့် ကျွမ်းကျင်မှုအတတ်ပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်၊ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ တည်ဆောက်ရေးစီမံကိန်းဆိုင်ရာစာလွှာ၊ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်လုပ်ငန်းစီမံကိန်းများ၏ ပင်မစီမံချက်ရေးဆွဲရေးဆိုင်ရာစာလွှာ၊ သန်လျင်–ကျောက်တန်း စက်မှုဇုန်အတွက် ပင်မလုပ်ငန်းစီမံချက်ဆိုင်ရာစာလွှာနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အတိုးမဲ့ချေးငွေ ရင်မင်ဘီယွမ် သန်း ၅၀ ဖြင့် ရထားသံလမ်းများ ရယူရေးဆိုင်ရာ စာလွှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သတင်းအချက်အလက်လုပ်ငန်းဝန်ကြီးဌာနတို့အကြား သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာ၊ အမှတ်(၄)ယူရီးယားဓာတ်မြေသြဇာစက်ရုံ (တိုက်ကြီး)တည်ဆောက်ရေးအတွက် ဘဏ္ဍာငွေ ဖြည့်ဆည်းရေး သဘောတူစာချုပ်၊ ချေးငွေပေးဆပ်ရေး ပြန်လည်ညှိနှိုင်းမှု သဘောတူစာချုပ်၊ မြန်မာနိုင်ငံ ဆက်သွယ်ရေးကွန်ရက် တည်ဆောက်ရေးစီမံကိန်းအတွက် ထောက်ပံ့ရေးစာချုပ်၊ တကောင်းတောင် နီကယ်သတ္တု စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်း သဘောတူစာချုပ်နှင့် ပျော့ဖတ်စက်ရုံများ တည်ဆောက်ရန်အတွက် နားလည်မှုစာချွန်လွှာတို့ကို လက်မှတ်ရေးထိုး လဲလှယ်နိုင်ခဲ့သည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံအကြား ဖြစ်တည်လျက်ရှိသည့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ပိုမိုတိုးမြှင့်ပေးသည့်ခရီးစဉ်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၀–၇–၂၀၀၄
(အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄း၂၅	၅။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀	၇။	မျိုးချစ်တပ်မတော်
၅း၀၀	၈။	အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Nathods of Studying °°Law (ပထမနှစ်–ပထဝီဝင်အထူးပြု)
၅း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မိုးလေဝသသတင်း
၆း၂၅	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၄။	မြန်မာ့ရှုခင်း
၆း၄၀	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်ရည်မိုး"**(အပိုင်း–၇)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	လျှပ်တစ်ပြက်
	၂၀။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၁။	အရှင်ဇနကာဘိဝံသ၏ ထေရုပ္ပတ္တိ **"ဦးခိုက်ပူဇော် ဂုဏ်ကျေးဇူးတော်"**
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမှန်တရားဘက်ကလှုပ်ရှားခဲ့သမား"** (အပိုင်း–၂၂)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဒေါက်တာကျော်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာရှနှင့် ပစိဖိတ် ကျန်းမာရေးဝန်ကြီးများအစည်းအဝေး တက်ရောက်ခဲ့

ရန်ကုန် ဇူလိုင် ၁၉

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒုတိယအကြိမ်မြောက် အာရှနှင့်ပစိဖိတ်ဒေသတွင်းနိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် (၁၅)ကြိမ်မြောက် ကမ္ဘာ့အေအိုင်ဒီအက်စ်ညီလာခံသို့တက်ရောက်ရန် ဇူလိုင် ၁၀ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိသည်။

ဒုတိယအကြိမ်မြောက် အာရှနှင့်ပစိဖိတ်ဒေသတွင်း နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီတွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကိုဖီအေအာနန်တို့က အဖွင့်မိန့်ခွန်းပြောကြားကြသည်။

ရှင်းလင်းတင်ပြ

နံနက် ၁၀ နာရီတွင် အစည်းအဝေးကို ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က မြန်မာနိုင်ငံတွင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသော အေအိုင်ဒီအက်စ် ကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းများကိုလည်းကောင်း၊ ပြည်သူလူထုနှင့် အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများကို လည်းကောင်း၊ အေအိုင်ဒီအက်စ်ဝေဒနာရှင်များအား ပြုစုစောင့်ရှောက်ရေး လုပ်ငန်းများကို လည်းကောင်း၊ ရာနှုန်းပြည့် ကွန်ဒုံးအသုံးချရေးအစီအစဉ်များကိုလည်းကောင်း၊ မိခင်မှကလေးသို့ ရောဂါကူးစက်မှု ကာကွယ်တားဆီးရေး စီမံဆောင်ရွက်ပေးမှုများကို လည်းကောင်း၊ ပြည်သူလူထုအား အသိပညာပေးရေး လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံအစိုးရက အေအိုင်ဒီအက်စ်ရောဂါကို အမျိုးသားရေးအသွင်ဖြင့် ဦးစားပေး ကာကွယ်တိုက်ဖျက်နေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသော ကျန်းမာရေးဝန်ကြီးများက ဒုတိယအကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသတွင်းနိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး သဘောတူဆုံးဖြတ်ချက်များကို အတည်ပြုကြသည်။

တက်ရောက်

ဇူလိုင် ၁၁ ရက် ည ၇ နာရီတွင် (၁၅)ကြိမ်မြောက် ကမ္ဘာ့အေအိုင်ဒီအက်စ် ညီလာခံဖွင့်ပွဲအခမ်းအနားကို Impact Arena ၌ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်သည်။

လှည့်လည်ကြည့်ရှု

ဝန်ကြီးသည် ဇူလိုင် ၁၂ ရက်တွင် (၁၅)ကြိမ်မြောက် ကမ္ဘာ့အေအိုင်ဒီအက်စ်ညီလာခံစုံညီအစည်းအဝေး၌ စာတမ်းများတင်ပြသည့်အစီအစဉ်သို့တက်ရောက်ပြီး ဇူလိုင် ၁၃ ရက်တွင် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၏ ပြခန်းများနှင့်အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၏ ပြခန်းများ၊ သွေးစစ်ဆေးသည့် ပစ္စည်းကိရိယာများနှင့် ရောဂါဖြစ်ပွားမှုအခြေအနေကို တိုင်းတာသည့် ပစ္စည်းကိရိယာများ၊ ဆေးဝါးများ ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုသည်။

ဇူလိုင် ၁၄ ရက်တွင် (၁၅)ကြိမ်မြောက် ကမ္ဘာ့အေအိုင်ဒီအက်စ် ညီလာခံသို့ တက်ရောက်ကြသော နိုင်ငံတကာအဖွဲ့အစည်းများမှ ခင်းကျင်းပြသထားသည့် ပိုစတာများကို ကြည့်ရှုခဲ့ကြသည်။ ဝန်ကြီးသည် ညနေပိုင်းတွင် ကုလသမဂ္ဂ အေအိုင်ဒီအက်စ်အစီအစဉ်က ကြီးမှူးကျင်းပသော ဆွေးနွေးပွဲ၌ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးဝန်ကြီးဌာန၏ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေးစီမံချက်၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၏ အေအိုင်ဒီအက်စ် ကူးစက်ရောဂါကို ပူးပေါင်းကာကွယ်တိုက်ဖျက်နေသည့် လုပ်ငန်းများနှင့် ဂါနာနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဆွဒီလန်နိုင်ငံတို့၌ အလားတူ ဆောင်ရွက်လျက်ရှိသည့် အေအိုင်ဒီအက်စ်ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများတင်ပြမှုအစီအစဉ်သို့ တက်ရောက်ပြီး အဆိုပါဆွေးနွေးပွဲတွင် ကျန်းမာရေးဦးစီးဌာန ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် ကာလသားရောဂါ ကာကွယ်တိုက်ဖျက်ရေး စီမံချက်မန်နေဂျာ ဒေါက်တာမင်းသွယ်ကလည်း ပါဝင်ရှင်းလင်းဆွေးနွေးတင်ပြသည်။

ဆွေးနွေး

ဝန်ကြီးသည် ဇူလိုင် ၁၅ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများက ခင်းကျင်းပြသထားသောပြခန်းငယ်ကို သွားရောက်ကြည့်ရှုသည်။ ဝန်ကြီးသည်မွန်းလွဲပိုင်းတွင် ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါ၊ ငှက်ဖျားရောဂါနှင့် တီဘီရောဂါတိုက်ဖျက်ရေးရန်ပုံငွေမှ မြန်မာနိုင်ငံတာဝန်ခံ မစ္စတာတွန်ဟာလီနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်ဌာနေကိုယ်စားလှယ်မစ္စတာချားလ်ပက်ထရီတို့နှင့် တွေ့ဆုံဆွေးနွေးပြီး မြန်မာနိုင်ငံ၌ အေအိုင်ဒီအက်စ် ရောဂါ၊ ငှက်ဖျားရောဂါနှင့် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေများ ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ်မှတစ်ဆင့် လက်ခံရယူ၍ စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေးကိစ္စကို ဆွေးနွေးသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် ဖရန်းဆွာ ဘာညိုး ဇေဗီးယား Francois Bagnaud Xavier (FXB) မှ ဒေသဆိုင်ရာတာဝန်ခံ Mr. Jean Marc နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ (FXB)အဖွဲ့က ဆောင်ရွက်လျက်ရှိသော အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန် ဆွေးနွေးသည်။ **(သတင်းစဉ်)**

ဇူလိုင် ၄ ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့ဝင် မိသားစုများအား ၂၀၀၄–၂၀၀၅ခုနှစ် ပညာသင်စရိတ် ထောက်ပံ့ငွေပေး အပ်ပွဲအခမ်းအနားကို ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးခန်းမတွင် ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ထွန်းနိုင်က စခန်းမှူး ရဲအုပ် ဇော်လင်းသို့ ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (က–ပ)

✻ ရှေ့ဖုံးမှ

တက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွှန့်နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးဦးသိန်းလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလီကျောက်ရှင်း၊ ဒုတိယဝန်ကြီး မစ္စတာဝမ်ရီ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အထူးကျေးဇူးတင်ရှိ

သမ္မတကြီးဟူကျင်တောင်က တရုတ်နိုင်ငံ၏ တစ်နိုင်ငံတည်းမူဝါဒကို မြန်မာနိုင်ငံက တစိုက်မတ်မတ် ထောက်ခံမှုပေးနေသည်ကို အထူးကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းရေးအတွက် တတ်နိုင်သမျှ ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားကြမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို မည်သည့်အခါမှ ဝင်ရောက်စွက်ဖက်မှာမဟုတ်ကြောင်း၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်ကိုအခြေခံသည့် တရုတ်-မြန်မာဆက်ဆံရေးသည် ပြောင်းလဲခဲ့ခြင်းမရှိသည့်အတွက် ဝမ်းမြောက်ကြောင်းနှင့် နှစ်နိုင်ငံအကြား နားလည်မှု ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းလျက်ရှိကြောင်း စသဖြင့် အကျယ်တဝင့်ဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွှန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုအား ဇူလိုင် ၁၃ရက်တွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဧည့်ခန်းမသို့ သွားရောက်၍ တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

တွေ့ဆုံဆွေးနွေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုတို့ ဇူလိုင် ၁၃ရက်တွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ **(သတင်းစဉ်)**

✡ ရှေ့ဖုံးမှ

တက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွှန့်နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့်ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးဦးသိန်းလွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ နိုင်ငံခြားရေးရာဌာန ညွှန်ကြားရေးမှူး မစ္စတာကျန်အင်ကျူ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာထောင်ဝင့်ကျူ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝမ်ရီ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး တိုးတက်ခိုင်မြဲရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းရေး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်လေးစားရေးတို့အတွက် ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပုပ္ပားတောင်ကလပ်ပုံတူမျှော်စင်တည်ဆောက်မှု ရတနာအုတ်မြစ်စီမင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်း ပုပ္ပားတောင်ကလပ်ပုံတူမျှော်စင်တည်ဆောက်မှု ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီ ၁၀ မိနစ်တွင် အဆိုပါ မျှော်စင်တည်ရှိရာ ကန်တော်ကြီးဥယျာဉ် Central Forest Zone(ဆင်ကုန်း)၌ ကျင်းပရာ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့်တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ဘက်စုံအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်၍ ရတနာအုတ်မြစ်များကို စီပေးကြသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အတွင်းရေးမှူးဗိုလ်မှူးကြီး မြင့်အောင်နှင့်ကော်မတီဝင်များ၊ဌာနမှူးများ၊ စစ်ဒေသမှူးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရတနာငွေကြုတ်မြှုပ်နှံ

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် သီရိသုဓမ္မ မဏိဇောတဓရ တိကြားဦးသန်းလှက ဆောင်ရွက်၍ မင်္ဂလာအချိန်တွင် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေကရတနာငွေကြုတ်ကိုအုတ်မြစ်၏အလယ်ဗဟို၌ မြှုပ်နှံပေးသည်။

ထို့နောက်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများသည် သတ်မှတ်နေရာအသီးသီး၌ ရတနာအုတ်မြစ်များကို စီပေးကြသည်။

အမွှေးနံ့သာပက်ဖျန်း

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ရတနာငွေကြုတ်ကို ကမ္ပည်းမော်ကွန်းကြေးပြားဖြင့် ဖုံးအုပ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ယနေ့အုတ်မြစ်စီမင်္ဂလာအခမ်းအနားကျင်းပသည့် ပုပ္ပားတောင်ကလပ်ပုံတူ မျှော်စင်သည် ကန်တော်ကြီး ဥယျာဉ် Central Forest Zone ကန်တော်ကြီးရေပြင် အထက်အမြင့်ပေ၁၃၀ ရှိ ဆင်ကုန်း၌ တည်ရှိပြီး မျှော်စင်၏အောက်ခြေ အကျယ်အချင်းပေ ၁၂၀၊ ထိပ်ဝ အကျယ်အချင်း ပေ၈၀၊ မျှော်စင်အမြင့် ၉၉ ပေ ရှိမည်ဖြစ်သည်။ အထပ်ငါးထပ်ပါရှိမည်ဖြစ်ပြီး လူစီးဓာတ်လှေကား နှစ်စင်းနှင့် ကြောင်လိမ်လှေကားတို့ ပါရှိကာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန အဆောက်အအုံက တာဝန်ယူဆောက်လုပ်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇူလိုင် ၁၉

စမ်းချောင်းမြို့နယ် လယ်တီမူကမ္မဋ္ဌာန်းကျောင်းတိုက်၌ ဝါကပ်တော်မူကြသော သံဃာတော်အပါး ၈၀တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဒုတိယဝါဆိုလပြည့်နေ့(ဇူလိုင် ၃၁ရက်) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ဒါယကာ ဒါယိကာမများ၊ အလှူရှင်များ၊ ယောဂီဟောင်းယောဂီသစ်များ ကြွရောက်ကြရန် နိုးဆော်ထားသည်။ (၇၄)ကြိမ်မြောက် လယ်တီ ဝိပဿနာ ခုနစ်ရက် တရားစခန်းကို ဒုတိယဝါဆိုလပြည့်ကျော် ၈ရက်မှ ဝါခေါင်လဆန်း ၁ ရက် (ဩဂုတ် ၈ရက် မှ ၁၆ရက်) အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

အီရတ်၌ နေ့စဉ်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား အီရတ် တရားရေးဝန်ကြီးယာဉ်တန်း ကားဗုံးဖောက်ခွဲတိုက်ခိုက်ခံရ

ဘဂ္ဂဒက် ဇူလိုင် ၁၇

အီရတ်နိုင်ငံ၌ နေ့စဉ်နှင့်အမျှတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ ဘဂ္ဂဒက်မြို့နှင့် ဝန်းကျင်ဒေသများတွင် အသေခံကားဗုံးခွဲတိုက်ခိုက်မှု နှစ်ကြိမ် ယနေ့နံနက်စောစော၌ ဖြစ်ပွားခဲ့သည်။

ပထမဆုံးဗုံးခွဲတိုက်ခိုက်မှုမှာ အီရတ်တရားရေးဝန်ကြီးနှင့် ၎င်း၏သက်တော်စောင့်များ လိုက်ပါစီးနင်းလာသော မော်တော်ယာဉ်တန်းတစ်ခုအနီး ကားဗုံးပေါက်ကွဲခြင်းဖြစ်ပြီး ဝန်ကြီး၏ သက်တော်စောင့်လေးဦး သေဆုံးသွားကာ ခြောက်ဦးဒဏ်ရာရရှိခဲ့သည်။ တရားရေးဝန်ကြီး ထိခိုက်မှုမရှိခဲ့ကြောင်း သတင်းများအရ သိရှိရသည်။

သေဆုံး

ဤအတောအတွင်း ဘဂ္ဂဒက်မြို့တောင်ပိုင်း မာခ်မူဒီးယားမြို့ရှိ အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့ရုံးချုပ် အဆောက်အအုံတွင် နောက်ထပ် အသေခံကားဗုံးပေါက်ကွဲခဲ့သည်။ ယင်းဗုံးတင်ဆောင်လာသော မော်တော်ယာဉ်သည် လုံခြုံရေးစစ်ဆေးရေးပထမဂိတ်သို့ ဦးတည်မောင်းနှင်လာကာ ဖောက်ခွဲတိုက်ခိုက်စေခဲ့ခြင်းဖြစ်ပြီး အနည်းဆုံး လူတစ်ဦးသေဆုံးကာ အီရတ်အစောင့် ၁၄ ဦးဒဏ်ရာရရှိခဲ့သည့်အပြင် အခြားလူ ၂၈ ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

(စီအင်န်အင်န်)

ပင်လယ်သမုဒ္ဒရာများ၌ ရေသတ္တဝါများ အသက်ရှင်ရေးအန္တရာယ်ရှိ

ကုလသမဂ္ဂ ဇူလိုင် ၁၇

ကမ္ဘာ့ ပင်လယ်သမုဒ္ဒရာများက ကာဗွန်ဒိုင်အောက်ဆိုဒ် စုပ်ယူမှုသည် တိုးမြင့်လာလျက်ရှိရာ ရေရှည်တွင် ပင်လယ်သမုဒ္ဒရာများအတွင်းရှိ ရေသတ္တဝါမျိုးစိတ်များ အသက်ရှင်ရေးကို ခြိမ်းခြောက်လာဖွယ်ရှိကြောင်း ကုလသမဂ္ဂက သောကြာနေ့၌ ထုတ်ပြန်သည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။

ကမ္ဘာ့ ပင်လယ်သမုဒ္ဒရာများက ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူသော အခြေအနေသည် ပုံမှန်မဖြစ်ရာ ပင်လယ်သမုဒ္ဒရာများ၌ အက်ဆစ်ဓာတ် ပါဝင်မှု တိုးလာစရာရှိသည့်အတွက် သန္တာကောင်များ၊ အခွံမာ ရေသတ္တဝါများ၏ အသက်အန္တရာယ်ရှိကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်၌ ကန်စစ်ယာဉ်တန်းအားပစ်မှတ်ထား ဖောက်ခွဲတိုက်ခိုက် အရပ်သားလေးဦးဒဏ်ရာရ၍ ဆေးရုံ၌ တင်ပို့ကုသထားရ

ဘဂ္ဂဒက် ဇူလိုင် ၁၇

အမေရိကန်စစ်ယာဉ်တန်းအား ပစ်မှတ်ထားပြီး ဖောက်ခွဲတိုက်ခိုက်မှုတစ်ခု ဘဂ္ဂဒက်မြို့လယ်ကောင်၌ သောကြာနေ့၌ ဖြစ်ပွားသွားကြောင်း ရဲအဖွဲ့ သတင်းရပ်ကွက်များနှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ပေါက်ကွဲမှုတွင် အီရတ်အရပ်သား လေးဦးထက်မနည်း ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့အား အနီးရှိဆေးရုံတစ်ရုံသို့ တင်ထားရကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ဖြစ်ပွား

အဆိုပါပေါက်ကွဲမှုမှာ ဘဂ္ဂဒက်မြို့လယ်ကောင် လူနေရပ်ကွက်တစ်ခုတွင် ည ၁ နာရီကျော်ကျော်ခန့်၌ ဖြစ်ပွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

သေဆုံး

ကြာသပတေးနေ့၌ ဘဂ္ဂဒက် အနောက်မြောက်ဘက် ဟာဒီသာရှိ ရဲအဆောက်အအုံအနီး ကားဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အီရတ်ရဲတပ်ဖွဲ့ဝင်သုံးဦးထက်မနည်းနှင့် အရပ်သားအချို့ သေဆုံးခဲ့ပြီး အခြားလူ ၄၀ ခန့် ဒဏ်ရာရခဲ့သည်။

ပျက်စီး

ယင်းပေါက်ကွဲမှုကြောင့် မြူနီစီပယ်အဆောက်အအုံတစ်လုံး၊ ဘဏ်တိုက်တစ်ခုနှင့် ဈေးဆိုင်အချို့ ပျက်စီးခဲ့ရသည်။

တိုက်ခိုက်

အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် အမေရိကန်တပ်ဖွဲ့ဝင်များအပေါ် ဗုံးခွဲတိုက်ခိုက်မှုများ တစ်ခုပြီးတစ်ခုပြုလုပ်ခဲ့သည့်ပြင် အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းလုပ်ကိုင်နေသော ရဲအဖွဲ့နှင့် အရပ်သားများကိုလည်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့တွင် အီရတ်ကြားဖြတ်အစိုးရ တရားရေးဝန်ကြီး၏ ယာဉ်တန်းဖြတ်သန်းစဉ် ကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် မီးလောင်နေသော မော်တော်ယာဉ်တစ်စီးကို ဇူလိုင် ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်နိုင်ငံ မာမူဒီယာမြို့တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူတစ်ဦး ဆေးရုံ၌ ဆေးကုသမှုခံယူနေရသည်ကို ဇူလိုင် ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံတောင်ပိုင်းရှိ အဓိကရေနံပိုက်လိုင်း ဖျက်ဆီးခံရမှုများကြောင့် ရေနံများအိုင်ထွန်းနေ

ဘဂ္ဂဒက် ဇူလိုင် ၁၆

အီရတ်နိုင်ငံတောင်ပိုင်းရှိ အဓိကရေနံပိုက်လိုင်းတစ်လိုင်းကို အမည်မဖော်ပြနိုင်သော ဖျက်ဆီးရေးသမားများက ဖျက်ဆီးထားကြသဖြင့် ရေနံပိုက်လိုင်း၏ ဘေးနှစ်ဖက်စလုံးတွင် ရေနံများအိုင်ထွန်းနေခဲ့သည်ဟု အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားအသံလွှင့်ဌာနက ကြာသပတေးနေ့၌ ပြောကြားသည်။

ရေနံပိုက်လိုင်းအား ဖျက်ဆီးကြသည့်နေရာမှာ ဘာဆာရာမြို့ အနောက်တောင်ဘက် ကီလိုမီတာ ၂၀ ရှိ အယ်လ်အက်စ်ကာရာ အရပ်၌ ဖြစ်သည်။

မသိရ

ယင်းသို့ရေနံပိုက်လိုင်း ဖျက်ဆီးခံရမှုကြောင့် ပင်လယ်ကွေ့ရှိ ကမ်းလွန်ရေနံတင်ပို့ရေးဆိပ်ကမ်းများသို့ ရေနံစိမ်းပေးပို့မှု ထိခိုက်ခြင်း ရှိမရှိ ချက်ချင်းမသိရသေးဟု ဆိုသည်။

တင်ပို့ပေး

အီရတ်နိုင်ငံတောင်ပိုင်းသည် နိုင်ငံ၏ရေနံများကို ပြည်ပသို့ အဓိကတင်ပို့ရာဖြစ်ပြီး မကြာခဏဖောက်ခွဲဖျက်ဆီးခြင်းခံရလင့်ကစား တစ်နေ့လျှင် ရေနံစည် ၁ ဒသမ ၇ သန်းခန့် တင်ပို့ပေးလျက်ရှိသည်။

လျော့ကျ

ကြာသပတေးနေ့၌ ယင်းသို့ ရေနံပိုက်လိုင်းအား ဖျက်ဆီးခြင်းသည် အဓိကပိုက်လိုင်းငယ်နှစ်ခု ဖျက်ဆီးခံရမှုကြောင့် ရေနံတင်ပို့မှု ထက်ဝက်လျော့ကျခဲ့ရပြီး နောက်တစ်ပတ်ကျော်ကျော်၌ ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ် အင်တာနက်သုံးစွဲသူများ အီးမေးလ်၄၆သန်း နေ့စဉ်ပေးပို့

ရှန်ဟဲ ဇူလိုင် ၁၇

တရုတ်နိုင်ငံ၏ အင်တာနက်အသုံးပြုသူများသည် နေ့စဉ် အီးမေးလ် ၄၆ သန်းပေးပို့ကြပြီး ၆၇ သန်းကို နေ့စဉ်လက်ခံရရှိကြသည်ဟု စီစီအိုင်ဒီ အတိုင်ပင်ခံဌာနက နောက်ဆုံးထုတ်ပြန်သော ကိန်းဂဏန်းအရ သိရသည်။

သို့ရာတွင် အီးမေးလ်အားလုံး၏ ထက်ဝက်နီးပါးသည် အလွယ်တကူအသုံးပြုသော အီးမေးလ်များဖြစ်ကြသည်ဟု ပြန်ကြားရေးလုပ်ငန်းဝန်ကြီးဌာန၏ အကြံပေးအဖွဲ့ဖြစ်သော စီစီအိုင်ဒီက ပြောကြားသည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလကုန်ပိုင်း၌ တရုတ် အင်တာနက် ဝန်ဆောင်မှုပေးသော ကိရိယာများသည် စုစုပေါင်း အီးမေးလ် ၁၅၀ ဘီလီယံလက်ခံရရှိခဲ့ကြောင်း တရုတ်ပြည် အင်တာနက်အဖွဲ့အစည်း (အိုင်အက်စ်စီ)က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ကွန်မြူနစ်ပါတီပေါ်လစ်ဗျူရိုအဖွဲ့ဝင် မစ္စတာလော်ဂန်အားတွေ့ဆုံ နှစ်နိုင်ငံချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါးပပျောက်ရေး၊ နယ်စပ်ဒေသတိုးတက်ကောင်းမွန်ရေးဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် မစ္စတာလော်ဂန်အား ဇူလိုင် ၁၃ ရက် နံနက် ၁၁ နာရီတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဟောင်ကောင်ခန်းမသို့ သွားရောက်၍ တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် မစ္စတာလော်ဂန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝမ်ရီ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ပိုမိုတိုးတက်ဖြစ်ထွန်းရေး၊ မူးယစ်ဆေးဝါးပပျောက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ စီမံခန့်ခွဲမှုစနစ် တိုးတက်ကောင်းမွန်ရေးတို့အတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် မစ္စတာလော်ဂန်အား ဇူလိုင် ၁၃ ရက်တွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဟောင်ကောင်ခန်းမသို့ သွားရောက်၍ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် မစ္စတာလော်ဂန်တို့ ဇူလိုင် ၁၃ ရက်တွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိဟောင်ကောင်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။

(သတင်းစဉ်)

ဧရာဝတီ၊ ချင်းတွင်းနှင့် ဒုဋ္ဌဝတီမြစ်ရေ စိုးရိမ်ရေမှတ်များ

ရန်ကုန် ဇူလိုင် ၁၉

ဧရာဝတီမြစ်ရေသည် ချောက်မြို့တွင် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၄၅၀ စင်တီမီတာသို့ ရောက်ရှိနိုင်ပြီး မင်းဘူးမြို့၊ မကွေးမြို့နှင့် ဟသ်ာတမြို့တို့တွင် ယနေ့မွန်းတည့်မှစ၍ နောက်သုံးရက်မှ ငါးရက်အတွင်း ၁၀၀ စင်တီမီတာ (သုံးပေခန့်) မြင့်တက်လာကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် ၁၇၀၀ စင်တီ မီတာ၊ ၁၇၀၀ စင်တီမီတာနှင့် ၁၃၄၂ စင်တီမီတာအသီးသီးသို့ ရောက်ရှိ နိုင်သည်။

ထို့ပြင် ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့နှင့် ကသာမြို့တို့တွင် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ် ၁၂၀၀ စင်တီမီတာနှင့် ၁၀၄၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၆၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယနေ့မွန်းတည့်မှ နောက် သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီး ဌာနက ထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၂၀-၇-၂၀၀၄ (အင်္ဂါနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈း၀၀ ၆။ အကပြိုင်ပွဲ
၈း၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
၈း၃၀ ၈။ International News
၈း၄၅ ၉။ Grammar made Easy

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ တေးဂီတစီအစဉ်
၁၆း၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
၁၆း၅၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၇း၀၀ ၆။ မြန်မာစာ မြန်မာစကား
၁၇း၁၅ ၇။ ခံစားနားဆင် တေးဓာတ်ဝင်
၁၇း၂၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၅ ၉။ နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ **“မျောက်မင်းဂူခုန်း”** (အပိုင်း-၈)
၁၈း၃၀ ၁၀။ ညနေခင်းသတင်း
၁၉း၀၀ ၁၁။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၂။ တေးဂီတအစီအစဉ်
၁၉း၂၀ ၁၃။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၁၉း၃၅ ၁၄။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၂၀း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **“တစ်ရံရောအခါ”** (အပိုင်း-၆)
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

စတုဘုမ္မိကမဂ္ဂင်ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ်(၈/မြောက်)ရပ်ကွက်ပြည်သာယာလမ်း စတုဘုမ္မိကမဂ္ဂင်ရိပ်သာ ပဓာနနာယက ဆရာတော်ဦးကုမာရ (သာသနဓဇ ဓမ္မာစရိယ ဝိနယဝိဒူ) နှင့် ဝါဆိုသံဃာတော်များအား ဒုတိယ ဝါဆိုလပြည့် (ဇူလိုင် ၃၁ ရက်) နံနက် ၁၀နာရီတွင် ဝါဆိုသင်္ကန်းကပ်လှူပွဲ ကျင်းပမည်ဖြစ်ရာ သာကေတမြို့နယ်နေ ဦးလှဝင်း-ဒေါ်ယဉ်နု မိသားစုတို့က ဥပုသ်ဆွမ်းလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

စီးပွား/ ကူးသန်း ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း ဆန်စက်များနှင့် သီးနှံသိုလှောင်ရုံများကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၉

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းသည် ဌာနဆိုင်ရာမှ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၏ဆန်စက်များနှင့် သီးနှံသိုလှောင်ရုံများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းသည် ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဗိုလ်စောပုလမ်းရှိ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၏ အမှတ်(၀၄) တန် ၁၀၀ ဆန်စက်သို့ ရောက်ရှိရာ စက်ရုံမှူးက စက်ရုံသမိုင်းကြောင်း ဆန်ကြိတ်ခွဲ ထုတ်လုပ်နိုင်မှုအခြေအနေနှင့်သိုလှောင်ရုံအင်အား အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဒုတိယဝန်ကြီးက လိုအပ်ချက်များကို မှာကြားပြီး စက်ရုံအတွင်း ဆန်ကြိတ်ခွဲ ထုတ်လုပ်နေမှုများကိုလည်းကောင်း၊ စက်ကြိတ်ဆန်နမူနာများကိုလည်းကောင်း၊ သီးနှံသိုလှောင်ရုံများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သန်လျင်မြို့ ဟော်တယ်ကုန်းရပ်ရှိ အမှတ်(၂၄၂)တန် ၁၀၀ ဆန်စက်အတွင်း ဆန်ကြိတ်ခွဲထုတ်လုပ်နေမှုနှင့် သိုလှောင်ရုံများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဝန်ကြီးသည် သန်လျင်မြို့ မြို့မသိုလှောင်ရုံ အုပ်စုရှိ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊သန်လျင်လက်ထောက်တိုင်း၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဝင်ရောက်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်နိုင်ငံအကြားပျိုးထောင်ခဲ့သည့် ချစ်ကြည်ရင်းနှီးမှု ခိုင်မြဲသည်ထက်ခိုင်မြဲရေးကြိုးပမ်း ပညာတော်သင်များ မိမိတို့သင်ကြားနေသည့်ပညာရပ်များ ထူးချွန်ထက်မြက်ရန်ကြိုးစားသင်ယူ နိုင်ငံတော်ဝန်ကြီးချုပ် သံရုံးဝန်ထမ်းများနှင့်မြန်မာပညာတော်သင်များအား တွေ့ဆုံမှာကြား

ရန်ကုန် ဇူလိုင် ၁၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များသည် ပေကျင်းမြို့သို့ စတင်ရောက်ရှိသည့် ဇူလိုင် ၁၁ ရက် ညနေ ၆ နာရီခွဲတွင် ပေကျင်းမြို့ရှိ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိကြရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်နှင့်ဇနီး ဒေါ်နွဲ့နွဲ့ဟန်၊ စစ်သံမှူး ဗိုလ်မှူးကြီးစိန်ကျော့နှင့်ဇနီး ဒေါ်ကြည်ကြည်ဦး၊ သံရုံးဝန်ထမ်းများ၊ စစ်သံရုံးဝန်ထမ်းများနှင့်မိသားစုများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပညာသင်ကြားလျက်ရှိကြသော သင်တန်းသား သင်တန်းသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အား ဗုဒ္ဓဘာသာဓလေ့ထုံးစံနှင့်အညီ သံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူးနှင့်ဇနီး၊ သံရုံးဝန်ထမ်းများ၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြု ကန်တော့ကြသည်။

အမှတ်တရလက်ဆောင်ပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့သည် မြန်မာသံရုံးဝန်ထမ်းများ၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများအား အမှတ်တရလက်ဆောင်များကို ပေးအပ်ကြသည်။

ဂါရဝပြုကန်တော့

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အား မြန်မာပညာတော်သင် သင်တန်းသား သင်တန်းသူများက ဂါရဝပြု ကန်တော့ကြသည်။

တစ်တပ်တစ်အားပါဝင်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သံရုံးခန်းမ၌ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မြန်မာပညာတော်သင်များအား တွေ့ဆုံ၍ နိုင်ငံခြားရေးဝန်ကြီးဌာနက မှာကြားထားသည့် သံတမန်ကျင့်ဝတ်၊ သံတမန်ဝတ္တရားများအတိုင်း ဆောင်ရွက်ကြခြင်းဖြင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ နှစ်နိုင်ငံ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတို့ တိုးတက်အောင်မြင်လာမည့် အခြေအနေ၊ အိမ်ရှင်တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ လျင်မြန်စွာ ပြောင်းလဲတိုးတက်လာမှုအခြေအနေ၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် သမိုင်းကြောင်းအရ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ခိုင်မြဲနေပုံ၊ သံတမန်ဝန်ထမ်းများက နှစ်နိုင်ငံအကြား အစဉ်အလာကောင်းများဖြင့် ပျိုးထောင်ခဲ့သည့် ခိုင်မြဲလျက်ရှိသော ချစ်ကြည်ရင်းနှီးမှု ပိုမိုရှင်သန် ခိုင်မြဲသည်ထက်ခိုင်မြဲအောင် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပုံ၊ နှစ်နိုင်ငံစီးပွားရေး တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီမှုများ ရရှိနေပုံ၊ မိမိနှင့်အတူ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ပါဝင်သောအဖွဲ့သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေးအပြင် နှစ်နိုင်ငံ စီးပွားရေးအပါအဝင်ကဏ္ဍစုံ၌ တိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လာရောက်ရပုံ၊ မြန်မာနိုင်ငံ၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အနက် ပထမဆင့်ဖြစ်သည့် အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပနေပုံ၊ ပညာတော်သင်များအနေဖြင့် မိမိတို့ သင်ကြားနေကြသည့် ပညာရပ်များကို ထူးချွန်ထက်မြက်အောင်သင်ကြားကြပြီး မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် မိမိတို့တတ်မြောက်လာသည့်ပညာဖြင့် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရေး အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ညစာသုံးဆောင်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့သည် သံရုံးမိသားစုနှင့်အတူ ညစာသုံးဆောင်ကြသည်။ ထိုမှတစ်ဆင့် ထျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ ဇူလိုင် ၁၁ ရက်က ပေကျင်းမြို့ရှိ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိကြရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူးနှင့်ဇနီး၊ သံရုံးဝန်ထမ်းများ၊ စစ်သံရုံးဝန်ထမ်းများနှင့်မိသားစုများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပညာသင်ကြားလျက်ရှိကြသော မြန်မာပညာတော်သင်များက ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၁၁ ရက်က မြန်မာသံရုံးခန်းမ၌ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မြန်မာပညာတော်သင်များအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြန်မာသံရုံးဝန်ထမ်းများ၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများအား အမှတ်တရလက်ဆောင်များ ပေးအပ်စဉ်။

(သတင်းစဉ်)

20-7 (06).p65 1 03/25/1905, 8:32 PM

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ပေကျင်းမြို့ရှိသိပ္ပံဥယျာဉ်လေ့လာ သိပ္ပံဥယျာဉ်၏နောက်ခံသမိုင်းနှင့်အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်လာမှုရှင်းလင်းတင်ပြ

ရန်ကုန် ဇူလိုင် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီတွင် ပေကျင်းမြို့ရှိ Zhongguancun Science Park အုပ်ချုပ်ရေးရုံးသို့ ရောက်ရှိကြရာ Zhongguancun Science Park Administrative Committee ဒုတိယဥက္ကဋ္ဌ Dr.Xia Yingqi နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇူလိုင် ၁၃ ရက်က ပေကျင်းမြို့ရှိ Zhongguancun Science Park လုပ်ငန်းများကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ အုပ်ချုပ်ရေးရုံးခန်းမ၌ Zhongguancun Science Park Administrative Committee ဒုတိယဥက္ကဋ္ဌ Dr.Xia Yingqi က Zhongguancun Science Park တွင် Haidian Zone, Fengtai Zone, Changping Zone, Electronic City Zone နှင့် Yizhuang Science & Technology Zone များဖြင့် ဖွဲ့စည်းတည်ဆောက်ထားမှုကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် Zhongguancun Science Park Administrative Committee ဒုတိယဥက္ကဋ္ဌ Dr.Xia Yingqi က Zhongguancun Science Park ၏နောက်ခံသမိုင်း၊ စက်မှုဇုန်ပေါ်ပေါက်လာပုံနှင့် အဆင့်ဆင့် ဖွံ့ဖြိုး တိုးတက်လာမှု၊ အဆင့်မြင့်နည်းပညာကုမ္ပဏီပေါင်း ၁၂၀၀၀ ကျော်နှင့် သုတေသနလုပ်ငန်းဌာနများ ဖွင့်လှစ်လုပ်ကိုင်နေမှု၊ စက်မှုဇုန်၏ ကုန်ထုတ်စွမ်းအားတစ်ဟုန်ထိုး တိုးတက်နေမှုနှင့် တစ်ပြည်လုံးမှ စက်မှုဇုန်များအနက် ထုတ်လုပ်မှုအမြင့်ဆုံး၌ ရပ်တည်နေမှု၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ အပါအဝင် အဆင့်မြင့် နိုင်ငံခြားဈေးကွက်ဝင် ကုန်ပစ္စည်းများထုတ်လုပ်နေမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ စက်မှုဇုန်နှင့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများဆောင်ရွက်နေမှု၊ နည်းပညာပိုင်းဆိုင်ရာ၊ အတတ်ပညာပိုင်းဆိုင်ရာ ပညာရှင်များ၊ကျွမ်းကျင်သူများ မွေးထုတ်လေ့ကျင့်ပေးနေမှု၊ လုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများ အကျိုးစီးပွားအတွက် ကာကွယ်ပေးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တရုတ်နိုင်ငံ စက်မှုဇုန်ရှိ ကုန်ထုတ်လုပ်ငန်း၊ သုတေသနလုပ်ငန်းများကိုလေ့လာပြီး နည်းပညာများရယူရေးနှင့် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရန်ကုန်မြို့အနီး၌ စက်မှုဇုန်တစ်ခုကို ထူထောင်နေပြီဖြစ်ရာ တရုတ်နိုင်ငံမှ ကုမ္ပဏီများ၊ ရင်းနှီးမြှုပ်နှံသူများ လာရောက်လေ့လာကြပြီး ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ဇူလိုင် ၁၃ ရက်က ပေကျင်းမြို့ရှိ Zhongguancun Science Park အုပ်ချုပ်ရေးရုံးတွင် Zhongguancun Science Park Administrative Committee ဒုတိယဥက္ကဋ္ဌ Dr.Xia Yingqi က Zhongguancun Science Park ၏ နောက်ခံသမိုင်း၊ စက်မှုဇုန်ပေါ်ပေါက်လာပုံနှင့် အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်လာမှုတို့ကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေဘေးပြည်နယ် ရှီချန်းမြို့သို့ ထွက်ခွာရန် ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ပေကျင်းမြို့တော်လေဆိပ်သို့ရောက်ရှိကြရာ တရုတ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝမ်ရီနှင့် တာဝန်ရှိသူများ၊ မြန်မာသံရုံးဝန်ထမ်းများ၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက ပေကျင်းမြို့ မြို့တော်လေဆိပ်သို့ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဒေသအနှံ့နေရာကွက်၍မိုးကြီးနိုင်

ရန်ကုန် ဇူလိုင် ၁၉

ယနေ့နံနက် ၉နာရီခွဲ အထိ တိုင်းထွာချက်များအရ လွန်ခဲ့သော၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာကွက်ကျားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲမှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်းအထက်ပိုင်း၌ နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ ခန္တီးမြို့တွင် ၆ ဒသမ ဝ၆ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေကြောင်း သိရသည်။

ဇူလိုင်၂၀ရက် ညနေအထိ ခန့်မှန်းချက်အရ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

တိပိဋကကျောင်းတော် ဆွမ်းပဒေသာပင်ရေစက်ချပွဲ

ရန်ကုန် ဇူလိုင် ၁၉

ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိ-နိရန်ကုန်ဌာန တိပိဋကကျောင်းတော် အမှတ် ၁၂ စကားဝါလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင် နဝမအကြိမ် ရာသက်ပန်ဆွမ်းပဒေသာပင် ၁၀၀၀ပြည့် ရေစက်ချပွဲအခမ်းအနားကို ဇူလိုင် ၂၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ဖိတ်စာမရရှိသော်လည်း ၂၀၀၃ ခုနှစ် စက်တင်ဘာ ၁၁ ရက်မှ မေ ၂၇ ရက်အတွင်း ဆွမ်းပဒေသာပင် အလှူရှင်များသည် ရေစက်ချပွဲ အခမ်းအနားသို့ ကြွရောက်ကြရန်နှင့် ဖုန်း- ၂၂၂၂၇၇၊ ၂၂၂၂၇၈ နှင့် ၂၂၂၂၇၉ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရ သည်။

(က-ပ)

ပုပ္ပားကျောင်းဝါဆိုတရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ပုပ္ပားကျောင်းတိုက်နာယက ဆရာတော်ဦးပဏ္ဍိစ္စ ကြီးမှူး၍ ဝါဆိုဦး မဟာသတိပဋ္ဌာန် ဝိပဿနာတရား စခန်းပွဲကို ၁၃၆၆ ခု ဒုတိယဝါဆိုလဆန်း ၁၃ ရက်မှ လပြည့်ကျော် ၆ ရက်အထိ ဒုတိယဝါဆိုလပြည့်နေ့ (ဇူလိုင် ၃၁ ရက်)တွင် ဝါဆိုသင်္ကန်း ကပ်လှူမည်ဖြစ်သည်။ ယောဂီများသည် လဆန်း ၁၂ ရက် ညနေ ၃ နာရီ အရောက်လာကြရန်နှင့် ယောဂီများ အရဏ်ဆွမ်းနှင့် ဝါဆိုသင်္ကန်းများကို ဖုန်း-၆၀၀၀၂၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

တရုတ်ပြည်သူများ ဗုဒ္ဓစွယ်တော်မြတ်နှင့်အတူ ဖူးမြော်ကြည်ညိုနိုင်ရေး မြန်မာနိုင်ငံမှ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားဆင်းတုတော်နှစ်ဆူလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များသည် ဇူလိုင် ၁၂ရက် နံနက် ၉ နာရီတွင် ပေကျင်းမြို့ရှိ ဗုဒ္ဓစွယ်တော်မြတ်ကိန်းဝယ်စံပယ်တော်မူရာ Ling Guang Temple, Badachu သို့ရောက်ရှိကြရာ တရုတ်ဗုဒ္ဓဘာသာအသင်းမှ တာဝန်ရှိသူများနှင့် အသင်းဝင်များက ကြိုဆိုကြသည်။

တရုတ်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များ ဇူလိုင် ၁၂ ရက်က မြန်မာနိုင်ငံမှ ပင့်ဆောင်လာသော ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော် နှစ်ဆူအား ပူဇော်ကန်တော့ကြစဉ်။ (သတင်းစဉ်)

ပူဇော်ကန်တော့

ရှေးဦးစွာ တရုတ်ဗုဒ္ဓဘာသာအသင်း ဒုတိယဥက္ကဋ္ဌ Ling Guang Temple ဆရာတော် စိန်ဇေ့နှင့် ဘုန်းတော်ကြီးများအား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များက ပူဇော်ကန်တော့ကြသည်။

ဝမ်းမြောက်ပီတိဖြစ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လျှောက်ထားရာတွင် တပည့်တော်အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြတ်ဗုဒ္ဓစွယ်တော် ကိန်းဝပ်ရာ ဤကျောင်းတိုက်ဆရာတော်၏ မေတ္တာရပ်ခံချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက လှူဒါန်းသည့် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်နှစ်ဆူကို ပင့်ဆောင်လာခဲ့ကြောင်း၊ တစ်ဆူမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုတို့က လှူဒါန်းသည့် ဆင်းတုတော်ဖြစ်ပြီး တစ်ဆူမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက လှူဒါန်းသည့်ဆင်းတုတော်ဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုအရ နှစ်နိုင်ငံခေါင်းဆောင်ကြီးများ အဆက်အသွယ်ရှိသကဲ့သို့ နှစ်နိုင်ငံမှ ဗုဒ္ဓဘာသာဝင်များလည်း အဆက်အသွယ်ရှိကြကြောင်း၊ ဗုဒ္ဓစွယ်တော်မြတ်သည် မြန်မာနိုင်ငံသို့ သုံးကြိမ်တိုင်တိုင် ကြွရောက်အပူဇော်ခံခဲ့သည့်အတွက် မြန်မာပြည်သူများအနေဖြင့် ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း။

တရုတ်ပြည်သူများအနေဖြင့် ဗုဒ္ဓစွယ်တော်မြတ်နှင့်အတူ ဖူးမြော်ကြည်ညိုနိုင်ရန် မြန်မာနိုင်ငံမှ ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်နှစ်ဆူကို မိမိတို့ ပင့်ဆောင်လာခြင်းဖြစ်ကြောင်း။

ဆရာတော်များကို စုံစုံလင်လင် ဖူးမြော်ခွင့်ရသည့်အတွက်ဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း၊ နှစ်နိုင်ငံစလုံး၌ ဗုဒ္ဓသာသနာကမ္ဘာတည်သရွေ့ အရှည်တည်တံ့စေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် လျှောက်ထားသည်။

တရုတ်ဗုဒ္ဓဘာသာအသင်း ဒုတိယဥက္ကဋ္ဌ Ling Guang Temple ဆရာတော်စိန်ဇေ့ ဇူလိုင် ၁၂ ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ ပူဇော်ရန် ရုပ်ပွားတော် တစ်ဆူကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်စဉ်။ (သတင်းစဉ်)

ဓမ္မလက်ဆောင်ပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့သည် Ling Guang Temple ဆရာတော်စိန်ဇေ့အား သင်္ကန်းဆက်ကပ် လှူဒါန်းကြသည်။ ဆရာတော်စိန်ဇေ့ကလည်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ ပူဇော်ရန် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များသည် တရုတ်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ၊ တရုတ်ဗုဒ္ဓဘာသာ အသင်းဝင်များနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်နှစ်ဆူလှူဒါန်းသည့် အခမ်းအနားကို အာရုံခံတန်ဆောင်းအတွင်း၌ ကျင်းပသည်။

ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော် နှစ်ဆူလှူဒါန်း

အစီအစဉ်အရ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရတို့က လှူဒါန်းသည့် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်နှစ်ဆူအား တရုတ်ဗုဒ္ဓဘာသာအသင်း ဒုတိယဥက္ကဋ္ဌ Ling Guang Temple ဆရာတော်စိန်ဇေ့အား ပေးအပ်လှူဒါန်းသည်။

ထို့နောက် တရုတ်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ၊နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီးဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များ၊ တရုတ်ဗုဒ္ဓဘာသာအသင်းဝင်များက ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်များအား ပူဇော်ကန်တော့ကြသည်။ ထိုအချိန်တွင် တရုတ်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများသည် ဗုဒ္ဓဂုဏ်တော်များကို ရွတ်ပွားပူဇော်ကြသည်။

ယင်းနောက် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်တစ်ဆူအား ဗုဒ္ဓစွယ်တော်မြတ်ကိန်းဝပ်စံပယ်သည့် ဂန္ဓကုဋိတိုက်တော်သို့ ပင့်ဆောင်ကြရာ တရုတ်ဗုဒ္ဓဘာသာဝင်များက ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် ကျောက်စိမ်းရုပ်ပွားတော်မြတ်သည် ဂန္ဓကုဋိတိုက်တော်သို့ရောက်ရှိပြီး ကိန်းဝပ်စံပယ်အပူဇော်ခံမည့်နေရာသို့ ပင့်ဆောင်ထားရှိကြသည်။

တရုတ်ဗုဒ္ဓဘာသာအသင်း ဒုတိယဥက္ကဋ္ဌ Ling Guang Temple ဆရာတော်စိန်ဇေ့အား ဇူလိုင် ၁၂ ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ သင်္ကန်းဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

ဖူးမြော်ကြည်ညို

ထို့နောက် တရုတ်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ၊ တရုတ်ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓစွယ်တော်မြတ်နှင့် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်တို့အား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် တရုတ်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ၊ တရုတ်ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓစွယ်တော်မြတ်ဂန္ဓကုဋိတိုက်ပရဝုဏ်အတွင်းရှိ မြန်မာတန်ဆောင်းသို့ သွားရောက်ကြပြီး ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်နှင့်အတူ ကိန်းဝပ်စံပယ်တော်မူနေကြသည့် မြန်မာနိုင်ငံမှ လှူဒါန်းထားသော ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြသည်။

စုပေါင်းဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် တရုတ်ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၊ တရုတ်ဗုဒ္ဓဘာသာဝင်များနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တရုတ်ဗုဒ္ဓဘာသာအသင်း ဒုတိယဥက္ကဋ္ဌ Ling Guang Temple ဆရာတော် စိန်ဇေ့အား ဂါရဝပြု နှုတ်ဆက်စကားပြောကြားသည်။

ထိုမှတစ်ဆင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် နိုင်ငံတော် ဧည့်ဂေဟာသို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲစေသည့် တရုတ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်

ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်ပင့်ဆောင်

တရုတ်ဗုဒ္ဓဘာသာအသင်း ဒုတိယဥက္ကဋ္ဌ Ling Guang Temple ဆရာတော်စိန်ဖေ့နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့ ဇူလိုင် ၁၂ရက်က မြန်မာနိုင်ငံမှ ပင့်ဆောင်လာသော ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်တစ်ဆူအား ဗုဒ္ဓစွယ်တော်မြတ်ကိန်းဝပ်စံပယ်သည့် ဂန္ဓကုဋိတိုက်တော်သို့ ပင့်ဆောင်စဉ်။ (သတင်းစဉ်)

ပြည်သူ့ ခန်းမဆောင်ကြီး၌ တွေ့ဆုံဆွေးနွေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်တောင်တို့ ဇူလိုင် ၁၃ရက်တွင် ပေကျင်းမြို့ ပြည်သူ့ခန်းမ ဆောင်ကြီးရှိ Fujian ခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

မြန်မာ-တရုတ် နှစ်နိုင်ငံ အကျိုးတူပူးပေါင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့ ဇူလိုင် ၁၁ ရက်က ပေကျင်းမြို့ရှိ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိကြရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူးနှင့်ဇနီး၊ သံရုံးဝန်ထမ်းများ၊ စစ်သံရုံးဝန်ထမ်းများနှင့်မိသားစုများ၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံတွင် ပညာသင်ကြားလျက်ရှိကြသော မြန်မာပညာတော်သင်များက ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုတို့ ဇူလိုင် ၁၃ရက်တွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေး ကြစဉ်။ (သတင်းစဉ်)

တွေ့ဆုံဆွေးနွေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် မစ္စတာလော်ဂန်တို့ ဇူလိုင် ၁၃ ရက်တွင် ပေကျင်းမြို့ ပြည်သူ့ ခန်းမဆောင်ကြီးရှိ ဟောင်ကောင်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ရှုဝံ့ကြယ်အလား မြန်မာပြည်မြောက်ဖျားစွန်း၌တောက်ထွန်းလာနေသော ပန်နန်းဒင်(၂)

တက္ကသိုလ်မြတ်သူ

မြန်မာနိုင်ငံ၏ရှုဝံ့ကြယ်ဟုတင်စားရမည့် ပန်နန်းဒင်မြို့သည် နှင်းဖုံးတောင်များ၏အလှ၊ ညိုမှောင်၊ ခိုရောင်လွှမ်းသော၊ စုံမြိုင်တောတို့၏အလှဖြင့် ဝန်းရံလျက်ရှိသော မြို့ဖြစ်သည်။ မြို့ဝန်းကျင်တောအုပ်များ၌ အသားပွထင်းရှူးပင်များပေါက်သည်။ အလွန်ရှားပါးသော ခန်းတောက်မြစ်၊ မချစ်ဥ၊ ခုရှားဥ (အားဆေးပင်မျိုး)၊ ရဝမ်တိုင်းရင်းသားတို့၏ဘာသာစကားဖြင့် ဒလမ်ဟုခေါ်သော အဆိပ်ပြေ ဆေးမြစ်များ၊ ရှားပါးသော သစ်ခွနက်များ၊ ချီးပရီးခေါ် လူတို့အား သက်ရှည်နုပျိုစေသော နှစ်လက်မခန့်ရှည်သည့် ဆေးဖက်ဝင်ပိုးကောင်များရှိသည်။

၁၉၉၀ပြည့်နှစ်မတိုင်မီက မြန်မာနိုင်ငံဥယျာဉ်များနှင့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများ စုစုပေါင်း ၁၈ခုသတ်မှတ်ခဲ့ရာ လက်ရှိပန်နန်းဒင်ဒေသကို ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အဖြစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့နှင့် မြန်မာနိုင်ငံသစ်တောရေးရာဝန်ကြီးဌာနတို့က သတ်မှတ်ခဲ့သည်။ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၏ အကျယ်အဝန်းသည် စတုရန်းမိုင် ၂၄၉၄မိုင်ရှိသည်။

ဇီဝပညာရှင် အလန်ရာဘီနိုက်(Alan Rabinoitz)၏သုတေသနစာတမ်း၌ ခါကာဘိုရာဇီဥယျာဉ်အဖြစ် သတ်မှတ်ထားသော ပန်နန်းဒင်ဒေသတွင်–

(က) ငှက်မျိုးစိတ်တစ်ရာကျော်ရှိကြောင်းဖော်ပြပြီး မျိုးစိတ်၅၀ကျော်၏ အမျိုးအမည်ကို ဖော်ထုတ်တင်ပြခဲ့သည်။

(ခ) ဖက်ချေ(ခ) ချေ(ဂျီ)သတ္တဝါတစ်မျိုးသည် ဇီဝဗေဒပညာတွင် မှတ်တမ်းမတင်ရသေးသည့် မျိုးစိတ်သစ်အဖြစ် တွေ့ရသည်။

(ဂ) သိုးပြာဖက်ချေ(ဂျီ)၊ ချေ(ဂျီမည်း)၊ တောဆိတ်နက်၊ တောဆိတ်နီ၊ ဟိမဝန္တာဝက်ဝံနက်၊ တောင်ဆိတ်နီများရှိသည်။

(ဃ) ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အဖြစ် ကမ္ဘာက အသိအမှတ်ပြုခဲ့သော ပန်နန်းဒင်မြို့ဒေသတွင် သားမင်းများရှိသည်။ (သားမင်းတို့အား ဖမ်းဆီးသတ်ဖြတ်နေခြင်းကို တားဆီးခြင်းမပြုလျှင် သားမင်းများ မကြာမီ မျိုးသုဉ်းပျောက်ကွယ်သွားနိုင်သည်။)

(င) ပန်နန်းဒင်မြို့ဒေသတစ်ခုလုံးပါဝင်သော ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်ကြီး၏ တောတောင်သဘာဝများကို အချိန်မီထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားသင့်လောက်အောင်ပင် ထူးထူးခြားခြားသာယာလှပသည်ဟူ၍ ဖော်ပြထားပေသည်။

ပန်နန်းဒင်ဒေသကို အထူးဒေသတစ်ခုအဖြစ် နိုင်ငံတော်က သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် ကမ္ဘာ့ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့နှင့် မြန်မာနိုင်ငံသစ်တောရေးရာဝန်ကြီးဌာနက အမျိုးသားဥယျာဉ်ဘေးမဲ့တောအဖြစ် အသိအမှတ်ပြု ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသောဒေသတစ်ခုဖြစ်၍ မြန်မာနိုင်ငံအတွက်သာမက ကမ္ဘာကပင် အလေးထားစိတ်ဝင်စားလျက်ရှိနေပေသည်။ သို့ဖြစ်၍လည်း ကမ္ဘာအရပ်ရပ်ရှိ ကမ္ဘာ့ပတ်ဝန်းကျင်လေ့လာ ထိန်းသိမ်းရေးအဖွဲ့မှ ပညာရှင်များ၊ ဇီဝဗေဒ၊ ရုက္ခဗေဒ၊ မနုဿဗေဒပညာရှင်များ မကြာခဏလာရောက်လေ့လာနေကြခြင်းဖြစ်သည်။

လက်ရှိအနေအထားအရ ပန်နန်းဒင်သည် လမ်းပန်းဆက်သွယ်ရေးဆက်လက်တိုးမြှင့်ဖောက်လုပ်ရဦးမည့် ဒေသဖြစ်သည်။ ပန်နန်းဒင်မြို့ ဖွံ့ဖြိုးရေးအတွက် တည်ဆောက်မှုလုပ်ငန်းများ ဇယ်ဆက်သလိုဆက်၍ လုပ်ကိုင်လျက်ရှိရာ ဆောက်လုပ်ရေးပစ္စည်းများ၊ ရိက္ခာများ၊ ဌာနအလိုက် ဝန်ထမ်းများ ခဲခဲယဉ်းယဉ်း သယ်ပို့သွားလာနေရဆဲဖြစ်သည်။ထော်လာဂျီ(ထွန်စက်)များပင် ခက်ခဲစွာမောင်းနှင်နေရဆဲဖြစ်သည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စုပေါင်းရုံး၊ ခြောက်ခန်းတွဲနေအိမ်၊ ငွေတိုက်တို့ကို ရာနှုန်းပြည့်ဆောက်လုပ်ပြီးနေပြီဖြစ်၏။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလည်း ရဲစခန်းတစ်ခု၊ ခြောက်ခန်းတွဲ အိပ်ဆောင်တစ်ဆောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထပ်ဆင့်လွှင့်စက်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ရုံး(စာတိုက်၊ ကြေးနန်းနှင့်တယ်လီဖုန်း)၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှရုံး၊ အထက်တန်းကျောင်း၊ (၁၆)ခုတင်ဆံ့ဆေးရုံ၊ ဆောက်လုပ်ရေးရုံး၊ စိုက်ပျိုးရေးရုံး၊ မြေစာရင်းရုံးတို့ ဆောက်လုပ်လျက်ရှိရာ အချို့ပြီးစီးကာ အချို့မှာ ဆောက်လုပ်ဆဲဖြစ်သည်။နတလရုံး၊ လူဝင်မှုကြီးကြပ်ရေးရုံး၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အဆောက်အအုံများလည်း ဆောက်လုပ်ရန်ရှိသည်။

ပန်နန်းဒင်ဒေသ၏ဧရိယာမှာ ဧကအားဖြင့် ၉၈၁၄၅၄ ဧကဖြစ်သည်။ သစ်တောမြေ ၇၁၃၁၇၅ ဧက၊ မြေလွတ်မြေရိုင်း ၆၇၇၆၂ ဧကနှင့် စိုက်ပျိုး

ပန်နန်းဒင်မြို့မှ ဌာနဆိုင်ရာ ဝန်ထမ်းများ။

ခြင်းမပြုနိုင်သောအခြားမြေ ၂၀၀၅၁၇ဧက ပါဝင်သည်။ စိုက်ပျိုးသီးနှံစိုက်ပျိုးမှုတွင် စပါးစိုက်ဧက ၃၁၀၊ ပဲမျိုးစုံ ၆၃ဧက၊ ဆီထွက်သီးနှံ ၁၂ဧက၊ အခြားသီးနှံ ၆၂၈ ဧကရှိသည်။ ပန်နန်းဒင်ဒေသသည် မြေပြန့်လွင်ပြင် နည်းပါးပြီးတောင်ကုန်းတောင်စွယ်များ၊ ချောက်ကမ်းပါးများက ၉၀ ရာခိုင်နှုန်းခန့်ရှိနေရာ စပါးစိုက်ပျိုးရန် လယ်ယာမြေဖော်ထုတ်နိုင်ခြင်းမရှိလှပေ။ လွန်ခဲ့သောဖေဖော်ဝါရီလတွင် ပြည်နယ်စိုက်ပျိုးရေးကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းလေ့လာပြီး ကုန်းမြင့်လယ်ယာဖော်ထုတ်ရေး စည်းရုံးဆောင်ရွက်သွားရန်သတ်မှတ်ခဲ့ကြသည်။ ယခင်က စပါး၁၀ဧကသာစိုက်ခဲ့ရာမှ ယခု ၃၅ဧကအထိစိုက်လာသည်။ စိုက်ပျိုးမြေဧက ၁၀၃၁မှ ယခု ၁၃၃၄ဧကအထိ တိုးတက်လာသည်။ အခြားသီးနှံစိုက်ဧကမှာ ၁၃၀ဖြစ်သည်။ စိုက်ပျိုးသမျှမှာ လူဦးရေရှိရှိသမျှအတွက် မဖူလုံနိုင်သေးပေ။ တိုးချဲ့စိုက်ပျိုးသွားရဦးမည်ဖြစ်သည်။

၂၀၀၃–၂၀၀၄ ခုနှစ် စိုက်ပျိုးရာသီတွင် စပါး၊ ဂျုံ၊ နှံစားပြောင်း၊ ဖူးစားပြောင်း၊ နှမ်း၊ ပဲပုပ်၊ အခြားပဲမျိုးစုံ၊ ငရုတ်၊ ကြက်သွန်ဖြူ၊ ချင်း(ဂျင်း)၊ အာလူးနှင့် ဟင်းသီးဟင်းရွက်များစိုက်ပျိုးသည်။ ဒေသတွင်း ဆန်ဖူလုံရေးတိုးချဲ့စိုက်ပျိုးသွားရန် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ တာဝန်ရှိသော ဌာနဆိုင်ရာများ ကွင်းဆင်းလေ့လာပြီး ကုန်းမြင့်လယ်ယာဖော်ထုတ်ရေးကို စတင်ဆောင်ရွက်နေကြပြီဖြစ်သည်။ လုပ်ကွက် ငါးခုတွင် လယ်ဧက ၁၀၀ခန့်ဖော်ထုတ်ရန် တိုင်းတာပြီးဖြစ်သည်။ ပတ်ဝန်းကျင် ကျေးရွာများမှ လယ်ယာမဲ့များနှင့် တိုးချဲ့စိုက်ပျိုးလိုသူများအား လယ်ယာမြေတစ်ဧကဖော်ထုတ်လျှင် စက်မှုလယ်ယာဦးစီးဌာနက ကျပ်ငွေ ၃၆၀၀၀ ထောက်ပံ့ကြေးပေးသွားမည်ဖြစ်သည်။ ပန်နန်းဒင် စိုက်ပျိုးရေးဌာနက ကုန်းစောင်းမြေတစ်ဧကပေါ်တွင် လှေကားထစ်လယ်ယာစိုက်ပျိုးပြသရန် ဆောင်ရွက်နေပြီဖြစ်သည်။

ပန်နန်းဒင်ဒေသသည် မေခမြစ်၏ မြစ်ဖျားခံရာဒေသဖြစ်ပြီး တောင်ကျချောင်းနှင့် ချောင်းငယ်များစွာရှိသဖြင့် သောက်သုံးရေ၊ စိုက်ပျိုးရေပေါများသည်။ လျှပ်စစ်မီးရရှိရေးအတွက် ရေအားသုံးလျှပ်စစ်ဓာတ်အားစက်ရုံများတည်ဆောက်အသုံးပြုလျက်ရှိရာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက 3KVAစက်တစ်လုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့က 3KVA စက်တစ်လုံး၊ လူနေရပ်ကွက်တွင် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ထောက်ပံ့မှုဖြင့် 3KVAစက်တစ်လုံး၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ 7KVAစက်တစ်လုံးတို့က ဓာတ်အားများထုတ်လုပ်ပေးနေပြီဖြစ်ရာ ရုပ်မြင်သံကြားအစီအစဉ်များကို ဒေသခံသွေးချင်းများကြည့်ရှုနိုင်ကြပြီဖြစ်သည်။

ဒေသတွင်း တိရစ္ဆာန်မွေးမြူထားရှိမှုမှာ ကျွဲ ၁၈ကောင်၊ နွား ၅၀၊ ဝက် ၁၄၀၊ ဆိတ်လေးကောင်၊ ကြက် ၈၈၄ကောင်၊ နွားနောက် ၁၇၅ကောင်၊ သိုးခြောက်ကောင်ရှိနေပြီဖြစ်သည်။ ကြက်၊ ဝက် တိရစ္ဆာန်စားသုံးမှုများပြားလာသဖြင့် တိုးချဲ့မွေးမြူလာလျက်ရှိသည်။ ကားလမ်းများတိုးချဲ့ဖောက်၊ တံတားများဆောက်လုပ်ပေးလျက်ရှိရာ နောင်မွန်းမှ ပန်နန်းဒင်သို့ လမ်းပန်းဆက်သွယ်ရေး ယခင်ကထက်များစွာ တိုးတက်ကောင်းမွန်လာနေပေပြီ။ မြေလမ်း၊ အမာခံကျောက်ကြမ်းလမ်း၊ ကျောက်ချောလမ်း စသည်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့်တိုးချဲ့ဖောက်လုပ်နေဆဲ ဖြစ်သည်။ ကြိုးတံတားသုံးစင်းကို အဆင့်မြင့်မွမ်းမံပြုပြင်နိုင်သဖြင့် ကားများသွားလာရာ၌ ပိုမိုအဆင်ပြေလာပြီဖြစ်သည်။ လမ်းပြင်ဆင်မှုမပြီးစီးသေးသော ဒေသများ၌ မိုးရာသီတွင် သွားရေး၊ လာရေးခက်ခဲနေဆဲဖြစ်သည်။ မကြာမီ အဆင်ပြေသွားမည်ဖြစ်သည်။

ယခင်က ပန်နန်းဒင်ဒေသတွင် အထက်တန်းပညာအဆင့်သို့တက်ရောက်နိုင်သူ၁၂ ဦးသာရှိသည်။ ဒေသတွင်း၌ ယခင်မူလတန်းကျောင်း ၁၆ ကျောင်း၌ ကျောင်းသားဦးရေ ၁၈၀၊ ဆရာဆရာမ ၆၀ ရှိသည်။ ယခုမူလတန်းကျောင်းတစ်ကျောင်းအား အထက်တန်းကျောင်းအဆင့်တိုးမြှင့်ပေးထားသဖြင့် ကျောင်းသားဦးရေ ၂၀၈ ဦး၊ ဆရာ ဆရာမ ၇၄ ဦးအထိ တိုးတက်လာသည်။

ကျန်းမာရေးစောင့်ရှောက်မှုအတွက် (၁၆)ခုတင်ဆံ့ဆေးရုံ၊ ဆောက်လုပ်ဆဲလောလောဆယ် ကျေးလက်ကျန်းမာရေးဌာန နှစ်ခု၊ ဝန်ထမ်းလေးဦးဖြင့် ကုသပေးလျက်ရှိသည်။ ဒေသတွင်း၌ လွတ်လပ်စွာကိုးကွယ်နိုင်ကြသဖြင့် ခရစ်ယာန်ဘာသာဝင်များ၊ ဗုဒ္ဓဘာသာဝင်များ စိတ်ချမ်းမြေ့စွာ ဘာသာရေးအထိမ်းအမှတ်ပွဲများ ကျင်းပနိုင်ကြသည်။

ယခင်ကလမ်းပန်းခက်ခဲ၍ လူမှုရေးအသင်းအဖွဲ့များ မဖွဲ့စည်းနိုင်ခဲ့ပေ။ ယခုအခါ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ၃၈ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင်ရှစ်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ဦး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်ရှစ်ဦး၊ အမျိုးသမီးရေးရာအဖွဲ့ဝင် ခုနစ်ဦးတို့ဖြင့် ဒေသလူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရေးများကို စုစည်းဆောင်ရွက်နေကြပြီဖြစ်သည်။

ပန်နန်းဒင်ဒေသသည် ယခုအခါ ရွာမှမြို့ဖြစ်လာပြီး ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ခေတ်အဆက်ဆက် အလှမ်းဝေးနေခဲ့ရာမှ ယခုအခါ ဖွံ့ဖြိုးရေးလုပ်ငန်းများက နိုင်ငံတော်၏ စေတနာဖြင့် ပန်နန်းဒင်သို့ ခရီးပေါက်ရောက်ရှိလာနေပြီ။ နှင်းဖုံးတောင်အလှ စုံတောမြိုင်၏အလှတို့ဖြင့်လည်းကောင်း၊ ဖွံ့ဖြိုးရေးရလဒ်များဖြင့်လည်းကောင်း ကိုယ်ရောင်ကိုယ်ဝါထွန်းတောက်လာသော မြန်မာနိုင်ငံမြောက်ဖျားမှ ပန်နန်းဒင်မြို့ကလေးသည် ရှုဝံ့ကြယ်နှင့်အပြိုင် နိုင်ငံမြောက်စွန်း၌တောက်ထွန်းရှန်းပ၍လာနေပေပြီတကား။ ။

ပန်နန်းဒင်မြို့ ပြည်သူ့ဆေးရုံ ဆောက်လုပ်ပြီးစီးမှုမြင်ကွင်း။

အာဇာနည်ခေါင်းဆောင်ကြီးများအား မိသားစုများကလွမ်းသူ့ပန်းခွေချ မေတ္တာပို့အမျှဝေ

■ ကျောဖုံးမှ

ခေါင်းဆောင်ကြီးများ၏ဂူဗိမာန်အသီးသီး၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ယင်းအချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို တိုင်ဝက်သို့ လျှော့ချလွှင့်ထူကာ တပ်မတော် (ကြည်း၊ ရေ၊လေ) ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြေစိုက် ဦးခိုက်အလေးပြုခြင်း၊ သေနတ် မြှောက်အလေးပြုခြင်း၊ ဘင်ခရာအဖွဲ့က ကျဆုံးရဲဘော် အလေးပြုခရာမှုတ်ခြင်းများ ပြုလုပ်ကြသည်။

တစ်ဆက်တည်းမှာပင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ မေတ္တာပို့အမျှပေးဝေကြပြီး နှစ်မိနစ် ငြိမ်သက်စွာနေကြသည်။

ထို့နောက် ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ်ဦးအေးမောင်၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်

စာမျက်နှာ ၁၂ ကော်လံ ၁

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ သားကြီး ဖြစ်သူ ဦးအောင်ဆန်းဦးကိုယ်စား ဦးနန်းနွယ်က လွမ်းသူ့ ပန်းခွေချ အလေးပြုစဉ်။ (မြန်မာ့အလင်း)

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် သခင်မြ၏ ဂူဗိမာန်၌မိသားစုက လွမ်းသူ့ ပန်းခွေချပြီး ကန်တော့ကြစဉ်။ (သတင်းစဉ်)

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် မိုင်းပွန်စော်ဘွား၏ ဂူဗိမာန်၌ မိသားစုက လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)



၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ဦးဘဝင်း၏ ဂူဗိမာန်၌ မိသားစုဝင် တစ်ဦးက လွမ်းသူ့ပန်းခွေချပြီး ကန်တော့စဉ်။ (မြန်မာ့အလင်း)

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ဦးဘချို၏ ဂူဗိမာန်၌ မိသားစုကလွမ်းသူ့ ပန်းခွေချပြီး ကန်တော့ကြစဉ်။ (သတင်းစဉ်)

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင်ဦးအုန်းမောင်၏ ဂူဗိမာန်၌ မိသားစုက လွမ်းသူ့ပန်းခွေချစဉ်။ (မြန်မာ့အလင်း)



၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ဦးရာဇာတ်၏ ဂူဗိမာန်၌ မိသားစုကလွမ်းသူ့ ပန်းခွေချ အလေးပြုကြစဉ်။ (သတင်းစဉ်)

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် မြန်မာနိုင်ငံသဘင် အစည်းအရုံးမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချစဉ်။(သတင်းစဉ်)

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ရဲဘော်ကိုထွေး၏ ဂူဗိမာန်၌ မိသားစုက လွမ်းသူ့ ပန်းခွေချအလေးပြုကြစဉ်။ (သတင်းစဉ်)

အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီးတွင် လွမ်းသူ့ပန်းခွေချ



၂၀၀၄ ခုနှစ် (၅၇) နှစ်မြောက် အာ ဇာ နည် နေ့ အခမ်းအနားတွင် မန်းဘခိုင်၏ ဂူ ဗိမာန်၌ မိသားစု က လွမ်းသူ့ပန်း ခွေ ချ ပြီး ဆု တောင်းမေတ္တာ ပို့ ကြစဉ်။ (သတင်းစဉ်)

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် အာ ဇာ နည် နေ့ အခမ်းအနားတွင် မန်းဘခိုင်၏ ဂူ ဗိမာန်၌ မိသားစု က လွမ်းသူ့ပန်း ခွေ ချ ပြီး ကန် တော့ကြစဉ်။ (သတင်းစဉ်)



၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့မှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)



၂၀၀၄ ခုနှစ် (၅၇) နှစ်မြောက် အာ ဇာ နည် နေ့ အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ မှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ပြည့်ဖြစ်သည်။

စာမျက်နှာ ၁၁ မှ

စိုးဝင်းမောင်တို့သည် အာဇာနည်ဗိမာန်မှ ပြန်လည်ထွက်ခွာသွားကြသည်။

လွမ်းသူ့ပန်းခွေချ

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများသည် ဂူဗိမာန်များ၌ လွမ်းသူ့ပန်းခွေချကြရာ ရှေးဦးစွာ ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ သားကြီးဖြစ်သူဦးအောင်ဆန်းဦး ကိုယ်စား ဦးနန်းနွယ်က လွမ်းသူ့ပန်းခွေချ၍ အလေးပြုကန်တော့ပြီး မေတ္တာပို့ အမျှပေးဝေသည်။ ဆက်လက်၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီးတို့၌ လွမ်းသူ့ပန်းခွေချ အလေးပြု ကန်တော့ကြပြီး မေတ္တာပို့ အမျှပေးဝေကြသည်။

ဂူဗိမာန်အသီးသီး၌အလေးပြု

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့မှကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံးမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီးတို့၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ထို့နောက် ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးအသီးသီးမှ သံတမန်များနှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများကဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ဂူဗိမာန်အသီးသီးတို့၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ထို့အတူ ပြည်သူများကလည်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီးတို့၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

(သတင်းစဉ်)

၂၀၀၄ ခုနှစ် (၅၇) နှစ်မြောက် အာ ဇာ နည် နေ့ အခမ်းအနားတွင် မြန်မာနိုင်ငံ ရုပ်ရှင် အ စည်း အရုံး မှ ကိုယ်စားလှယ်များ က ဗိုလ် ချုပ် အောင် ဆန်း နှင့် တကွ အာဇာနည် ခေါင်းဆောင်ကြီး များ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ စဉ်။ (သတင်းစဉ်)

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

(၅၇)နှစ်မြောက် အာ ဇာ နည် နေ့ အခမ်း အနား တွင် ပြည်ထောင်စု မြန်မာ နိုင်ငံတော် ဆိုင်ရာ ဂျပန်နိုင်ငံ သံရုံးမှ လွမ်းသူ့ ပန်းခွေချ အလေး ပြုကြစဉ်။ (သတင်းစဉ်)



(၅၇)နှစ်မြောက် အာ ဇာ နည် နေ့ အ ခမ်း အ နား တွင်ပြည်ထောင်စု မြန်မာ နိုင်ငံတော် ဆိုင်ရာကုလသမဂ္ဂ အဖွဲ့အစည်းများ မှ လွမ်းသူ့ပန်းခွေ ချ အလေးပြုကြ စဉ်။ (သတင်းစဉ်)

ဝါစိုက်ပျိုးရေးစီမံကိန်းနှင့်ပြောင်းဖူးထွက်စားကုန်ပစ္စည်းစက်ရုံစီမံကိန်း ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၅ ရက်တွင် မကွေးတိုင်း အောင်လံမြို့နယ်ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း ဝါစိုက်ပျိုးရေးစီမံကိန်း (ရွှေပန်းတောလေးဒေသ)သို့ရောက်ရှိပြီး သရက်ချောင်း ရေလှောင်တမံမှ စိုက်ကွင်းများသို့ ရေပေးဝေနိုင်ရန် အုတ်ကန်များသို့ ရေစုပ်တင်သွင်းမှု အခြေအနေများကိုလည်းကောင်း၊ စိုက်ပျိုးရေးတွင် အသုံးပြုမည့် ဓာတ်မြေသြဇာများ သိုလှောင်ထားမှုအခြေအနေကိုလည်းကောင်း၊ ဝါစိုက်ပျိုးရန် စိုက်ကွင်းများထွန်ယက်ထားမှု၊ မျိုးစေ့ချထားမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဇူလိုင် ၁၆ ရက်တွင် ဆင်ပေါင်ဝဲမြို့နယ်ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ ဝါစိုက်ပျိုးရေးစီမံကိန်း (လယ်မသာစည်ဒေသ)သို့ ရောက်ရှိ၍ ချည်မျှင်တို စပ်မျိုးဝါများ မျိုးစေ့ချထားပြီး လယ်ယာမြေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ညှိနှိုင်းဆောင်ရွက်

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ဇူလိုင် ၁၇ရက် နံနက်ပိုင်းတွင် တောင်တွင်းကြီးမြို့နယ် ပရပ်ကြယ်ကျေးရွာအနီး၌ တည်ဆောက်လျက်ရှိသော မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ ပြောင်းဖူးထွက် စားကုန်ပစ္စည်းစက်ရုံစီမံကိန်းသို့ရောက်ရှိရာ ဝန်ထမ်းနေအိမ်များ ဆောက်လုပ်ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ စက်ရုံပင်မအဆောက်အအုံ၊ တိရစ္ဆာန်အစာအစာထုတ်လုပ်မည့် စက်ရုံအဆောက်အအုံ၊ ဆီထုတ်လုပ်မည့် စက်ရုံအဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုအခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရွှေတောင်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံသို့ရောက်ရှိပြီး ရစ်တိုင်မဲ့ချည်ငင်စက်ဖြင့် ချည်ငင်မှုအခြေအနေကိုလည်းကောင်း၊ အသစ် ပြန်လည်တပ်ဆင်ပြီး ရက်ကန်းစက်များ၏ ရက်ကန်းရက်မှုအခြေအနေတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇူလိုင် ၁၉ ရက်က ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားပြည်သူ့လွှတ်တော်မှ လူမှုရေးကော်မတီဥက္ကဋ္ဌ မစ္စစ်ငုယင်သီဟိုင်သူ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

နယ်စပ်စည်ပင်ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ဇူလိုင် ၁၇ ရက် နေ့လယ်ပိုင်းတွင် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်ဦး လိုက်ပါလျက် သာစည်မြို့နယ် ညောင်တိုကျေးရွာနှင့် သမန်းကန်ကျေးရွာသို့ဆက်သွယ်သည့် ကျေးလက်လမ်းကို ကျေးရွာပြည်သူလူထုနှင့် သာစည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ဂဝံခင်းအဆင့်မြှင့်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိပြီး လိုအပ်သည်များ အားပေးမှာကြားသည်။

အဆိုပါလမ်းသည် အရှည် ၁ မိုင် ၂ ဖာလုံ၊ အကျယ် ၁၂ ပေရှိ ကျောက်လမ်းဟောင်းဖြစ်ပြီး သာစည်-မိတ္ထီလာ ကားလမ်းမကြီးမှတစ်ဆင့် ညောင်တိုကျေးရွာ(မြောက်ပိုင်း)၊ ညောင်တိုကျေးရွာ(တောင်ပိုင်း) တို့ကိုဖြတ်သန်း၍ သမန်းကန်ကျေးရွာသို့ သွားသည့်လမ်းဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဝန်ကြီးသည် သာစည်မြို့နယ် ဉာဏ်ကန်ကျေးရွာအနီးရှိ ဉာဏ်ကန်ချောင်းပေါ်၌ ၁၉၇၄ ခုနှစ်က ဆောက်လုပ်ထားသော အရှည်ပေ ၂၀၀၊ အကျယ် ၁၆ ပေ၊ အမြင့်ပေ၂၀ ရှိ သစ်သားတံတားကို ကြည့်ရှုစစ်ဆေးပြီး အသစ်ပြုပြင်ဆောက်လုပ်ရာတွင် တံတားအရည်အသွေးကောင်းမွန်ရေး၊ တာရှည်ခိုင်ခံ့အောင် ဆောက်လုပ်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေသည့် မြေအောက်ရေဖြင့် မိတ္ထီလာမြို့ ရေပေးရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်ဦးက လေးလက်မအစမ်းတွင်း နှစ်တွင်း တူးဖော်ပြီးစီးမှု၊ ၁၀ လက်မ ထုတ်လုပ်ရေးတွင်း အမှတ်(၁)နှင့်(၂) တူးဖော်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ရေအရည်အသွေးကောင်းမွန်စေရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး၊ လုပ်ငန်းများ မြန်မြန်ဆန်ဆန်ပြီးစီးရေးတို့ကို အလေးထား ဆောင်ရွက်ရန် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

ဓနုကုန်းမြို့နယ် စာပေဆုရသူများ ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၁၉

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီ၊ ကွန်ပျူတာပိုစတာ၊ ဓာတ်ပုံ ပြိုင်ပွဲတွင် ဓနုကုန်းမြို့နယ်မှ ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ဇွန် ၂၅ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်တင်၊ စခန်းမှူး ရဲအုပ်ထွန်းကြည်၊ မြို့နယ်ပညာရေးမှူး ဦးကျော်ထွန်း၊မြို့နယ် စာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌ ဦးအောင်စိုး (အောင်စိုး၊ တိရစ္ဆာန်ဆေးကုဆရာဝန်)တို့ကအမှာစကား ပြောကြားကြသည်။ **(က-ပ)**

အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဝန်ထမ်းများက တောင်သူကုန်းရပ်ကွက်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးအတွက် ဇူလိုင် ၁၅ ရက်က ရပ်ကွက်ရုံး၌ ကွင်းဆင်းဆောင်ရွက်နေမှုကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးရဲထွန်း ကြည့်ရှုစစ်ဆေးစဉ်။ (ဝ၄၆)

မင်္ဂလာဗျူဟာအသင်းချုပ် ဓမ္မစကြာအခါတော်နေ့ပွဲ

ရန်ကုန် ဇူလိုင် ၁၉

မင်္ဂလာဗျူဟာအသင်းချုပ် (၄၄) ကြိမ်မြောက် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ပူဇော်ပွဲကို ဇူလိုင် ၃၁ ရက်တွင် ဗဟန်းမြို့နယ် အသင်းတည်ရာ၌ကျင်းပမည်ဖြစ်ရာ နံနက် ၈ နာရီတွင် ဓမ္မစကြာသုတ်တော်ကို ရွတ်ဖတ်ခြင်း၊ ရန်ကုန်တိုင်း သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တကောသလ္လနှင့် ပင့်သံတော်များအား ဝါဆိုသင်္ကန်းကပ်လှူခြင်းနှင့် မွန်းလွဲ ၁ နာရီခွဲတွင် ဓမ္မဘဏ္ဍာဂါရိက (ယော) ဆရာတော် အရှင် သီရိန္ဒာဘိဝံသထံမှ သစ္စာလေးဖြာတရားတော်ကို နာကြားကြမည် ဟုသိရသည်။ **(က-ပ)**

ကွက်ကျားမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ကမ္ဘာလှည့်ခရီးသည်များလုံခြုံမှုစောင့်ရှောက်ရေးသင်တန်းဆင်း

ရန်ကုန် ဇူလိုင် ၁၉

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကမ္ဘာလှည့်ခရီးသည်များ လုံခြုံမှုစောင့်ရှောက်ရေးသင်တန်း အမှတ်စဉ်(၈/၂၀၀၄)ဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက် ၇ နာရီခွဲတွင် ပြည်ထဲရေးဝန်ကြီးရုံး စုစည်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ထူးချွန်ပထမဆုရရှိသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာနမှ ရဲအုပ် အောင်လွင်၊ ဒုတိယဆုရရှိသော ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှ ဒုရဲအုပ်နေဝင်းအောင်၊ တတိယဆုရရှိသော ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှ ဒုရဲအုပ် ထွန်းနေစိုးတို့အား ဒုတိယရဲချုပ်က ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ကျောင်းဆင်း စာတမ်းဂုဏ်ပြုဆုများ၊ သင်တန်းဆင်းလက်မှတ်များနှင့် ပြင်ပနည်းပြဆရာများအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ **(သတင်းစဉ်)**

ဇူလိုင် ၁၃ ရက်က ဒဂုံမြို့နယ်တွင် ဒဂုံမြို့နယ် ဦးဝိစာရရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဦးဝိစာရ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်တိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂)ဦးသောင်းညွှန့်နှင့် ရပ်ကွက်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

အာရှဖလား ၂၀၀၄ ဘောလုံးပြိုင်ပွဲ ကူဝိတ်အနိုင်ရ၊ တောင်ကိုရီးယားနှင့်ဂျော်ဒန်သရေကျ

ရန်ကုန် ဇူလိုင် ၁၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပလျက်ရှိသော အာရှဖလား ဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်များကို ယနေ့ဆက်လက် ကျင်းပရာ ပထမပွဲစဉ်၌ တောင်ကိုရီးယားနှင့် ဂျော်ဒန်အသင်းတို့ ဂိုးမရှိ သရေကျသွားသည်။

ဒုတိယပွဲစဉ်တွင် ကူဝိတ်အသင်းက ယူအေအီးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရသွားသည်။ ပထမပိုင်း၌ပင် ကူဝိတ်က သုံးဂိုးပြတ်သွင်းထားပြီး ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ကူဝိတ်မှ အယ်လ်မူဝါက ဆွတ်ခူးရရှိသည်။ **(မြန်မာ့အလင်း)**

အင်ဒိုနှင့် ဥဇဘက်တို့အနိုင်ရ၊ ဆော်ဒီနှင့် တာ့ခ်မီနစ္စတန် သရေကျ
ဂျပန်နှင့် အိုမန်၊ အီရန်နှင့် ထိုင်းတို့ ယနေ့ကစားမည်

သတင်းဆောင်းပါး – မောင်မောင်မြင့်ဆွေ

ရန်ကုန် ဇူလိုင် ၁၉

အာရှဖလားဘောလုံးပွဲ အုပ်စုပွဲစဉ်များကို တရုတ်နိုင်ငံ၌ ဆက်လက်ကျင်းပလျက်ရှိရာ ဇူလိုင် ၁၈ရက်က ကစားသော အုပ်စု(က)မှ ကာတာနှင့် အင်ဒိုနီးရှားအသင်းတို့ပွဲတွင် အင်ဒိုနီးရှားက ကာတာကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရပြီး အုပ်စု(ဂ)မှ ဆော်ဒီအာရေဗျနှင့် တာ့ခ်မီနစ္စတန်တို့ပွဲတွင် နှစ်ဂိုးစီ သရေကျကာ အုပ်စု(ဂ)မှ အီရတ်နှင့် ဥဇဘက်ကစ္စတန်တို့ပွဲတွင် ဥဇဘက်ကစ္စတန်က တစ်ဂိုး–ဂိုးမရှိနှင့် အနိုင်ရရှိခဲ့ကြသည်။

တရုတ်နိုင်ငံ ပေကျင်းရှိ အလုပ်သမားအားကစားကွင်း၌ ကျင်းပသော ကာတာနှင့် အင်ဒိုနီးရှားတို့ပွဲတွင် ပြင်သစ်နည်းပြ ထရော့စီယာ၏ ကာတာအသင်းသည် ပွဲစလျှင်စချင်း အင်ဒိုနီးရှားအသင်းဘက်ကို ဖိကစားကာ အနိုင်ရယူစိတ် ပြင်းပြင်းဖြင့် ထိုးဖောက်ကစားခဲ့သည်။

ကာတာအသင်း ရှေ့တန်းမှ တိုက်စစ်မှူးများဖြစ်သည့် ဟမ်ဇာနှင့် ရိုလမ်တို့၏ ထိုးဖောက်ဂိုးသွင်းမှုများကိုလည်း အင်ဒိုနီးရှားဂိုးသမား ကာကွယ်နိုင်ခဲ့သဖြင့် အင်ဒိုနီးရှားအသင်း သက်သာခွင့်ရခဲ့သည်။ ပွဲချိန်မိနစ်၂၀ကျော်ထိ ကာတာအသင်း ထိုးဖောက်ကစားနေမှုကို အင်ဒိုနီးရှားတို့ ကြံ့ကြံ့ခံကာ ကစားနေရာမှ ပွဲချိန် ၂၆မိနစ်တွင် အင်ဒိုနီးရှားအသင်းခေါင်းဆောင် အာဂန် ဘောလုံးကို ညာဘက်ခြမ်းမှ သယ်ယူထိုးဖောက်ကစားလာသည်ကို ကာတာ နောက်ခံလူ ဖျက်ထုတ်ရာမှ နောက်ပြန်ပေးသည့် ဘောလုံးအား အင်ဒိုနီးရှားမှ ဘူဒီက ရရှိပြီး ကန်သွင်းရာ ကာတာဂိုးသမား မည်သို့မျှ မတတ်နိုင်ဘဲ ဂိုးဝင်သွားခဲ့သည်။

ပွဲချိန် ၄၈မိနစ်တွင် အင်ဒိုနီးရှားမှ ပိုနာယိုက ဘောလုံးဆွဲယူလာပြီး ၂၅ ကိုက်အကွာမှအမှတ်မထင်ကန်သွင်းရာ ကာတာဂိုးသမား ကာကွယ်လိုက်သော်လည်း မမီသဖြင့် ဂိုးပေးလိုက်ရကာ အင်ဒိုနီးရှား ဒုတိယဂိုးရရှိသွားသည်။

ကာတာအသင်း ထိုးဖောက်ကစားနိုင်သော်လည်း အဆုံးသတ်မှုအားနည်း၍ ချေပဂိုးရရှိရေး အသည်းအသန် ကြိုးစားနေရာမှ ပွဲချိန် ၈၃ မိနစ်တွင် ကာတာအသင်းမှ ရှမ်မရီက ခေါင်းဖြင့် ချပေးသည့်ဘောလုံးကို မဂျစ်က သွင်းယူခဲ့သဖြင့် ကာတာတို့ တစ်ဂိုး စတင်ရရှိခဲ့သည်။ ချေပဂိုးနှင့် အနိုင်ဂိုးရရှိရန် ကာတာအသင်း ကြိုးစားသော်လည်း အင်ဒိုနီးရှား၏ နောက်တန်းကို မကျော်နိုင်သဖြင့် ကာတာတို့ အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ပွဲဦးထွက်၌ အင်ဒိုနီးရှားအသင်း သုံးမှတ်အပြည့် ရရှိသွားသည်။ ကာတာနှင့် အင်ဒိုနီးရှားတို့ပွဲတွင် အကောင်းဆုံးဘောလုံးသမားဆုကို အင်ဒိုနီးရှားမှ ဟင်န်ဒရိကာတီကိုက ရရှိသွားသည်။

ဇူလိုင် ၁၈တွင် အုပ်စု(ဂ)မှ ဆော်ဒီအာရေဗျနှင့် တာ့ခ်မီနစ္စတန်တို့ပွဲကို တရုတ်နိုင်ငံ ချန်ဒူးမြို့ စီချွမ်စပေါ့စင်တာ၌ ပထမပွဲစဉ်အဖြစ် ကစားသည့်ပွဲတွင် နာမည်ကြီးဆော်ဒီအသင်းသည် ခြေပေါ်အောင်မကစားနိုင်ဘဲ ခပ်လေးလေးသာ ကစားခဲ့သည်။

ပွဲစချိန်လေးမိနစ်တွင် တာ့ခ်မီနစ္စတန်အသင်း ထောင့်ကန်ဘောရရှိရာမှ တာ့ခ်မီနစ္စတန်အသင်းမှ နာဆာဘောယာမော့ဗ်က ခေါင်းတိုက်သွင်းခဲ့သဖြင့် တစ်ဂိုးရရှိခဲ့သည်။ တစ်ဂိုးစတင်ပေးလိုက်ရသဖြင့် ဆော်ဒီအသင်း တိုက်စစ်ဆင် ထိုးဖောက်ကစားရာမှ ပွဲချိန်ခုနစ်မိနစ်တွင် တာ့ခ်မီနစ္စတန် နောက်ခံလူများကြောင့် ရရှိသည့် ပယ်နယ်တီပြစ်ဒဏ်ဘောကို အယ်ကာတာနီကန်သွင်းသဖြင့် ဆော်ဒီတို့ ချေပဂိုးရရှိခဲ့သည်။

တာ့ခ်မီနစ္စတန်အသင်းသည် ဆော်ဒီဘက်သို့ တိုက်စစ်ဆင်ကစားနိုင်ပြီး ကစားကွက်ကိုလည်း ထိန်းချုပ်ကစားနိုင်ရာ ကွင်းလယ်ကစားသမားများက တိုက်စစ်ကို ကောင်းစွာဖြည့်ပေးနိုင်ပြီး တိုက်စစ်မှူးများ၏ ထိုးဖောက်ကစားမှုကို ဆော်ဒီနောက်ခံလူများ မနားတမ်းကြံ့သလို ဖျက်ထုတ်ခဲ့ရသည်။

ခေါင်းတိုက်သွင်း

ပွဲချိန်၅၉မိနစ်တွင် ဆော်ဒီအသင်းမှ ဂျာနဘီ ဘောလုံးသယ်ယူလာပြီး တာ့ခ်မီနစ္စတန် နောက်ခံလူများကို ကျော်ချပေးသည့်ဘောလုံးကို ဆော်ဒီမှ ကာတာနီခေါင်းတိုက်သွင်းယူခဲ့သဖြင့် ဆော်ဒီဒုတိယဂိုးရရှိသွားသည်။ ဆော်ဒီ နှစ်ဂိုး–တစ်ဂိုးဖြင့် ပွဲသိမ်းတော့မည့် အနေအထားတွင် ပွဲပြီးချိန်၌ လေလွင့်ချိန် ထပ်ဆောင်းပေးသည့်အချိန်အတွင်း ပွဲချိန်၉၂မိနစ်အရောက်တွင် ဆော်ဒီအသင်း နောက်ခံလူများကြောင့် ပြစ်ဒဏ်ဘောပေးရရာမှ ထိုပြစ်ဒဏ်ဘောကို မီတာ၃၀အကွာမှ တာ့ခ်မီနစ္စတန်၏ ကူလီယက်ခ်က ဖရီးကစ်ကန်သွင်းရာ ဆော်ဒီဂိုးသမား လှုပ်ရှားချိန်မရလိုက်ဘဲ ဂိုးပေးလိုက်ရသဖြင့် နှစ်ဂိုးစီသရေဖြစ်သွားသည်။

ဆော်ဒီနှင့် တာ့ခ်မီနစ္စတန်တို့ပွဲတွင် ဆောင်ဒီအသင်းမှ ယာဆာအယ်ကာတာနီက ပွဲစဉ်အလိုက်အကောင်းဆုံးဘောလုံးသမားဆုရရှိသွားသည်။

ဇူလိုင်၁၈တွင် အုပ်စု(ဂ)မှ ဒုတိယပွဲစဉ်အဖြစ် အီရတ်နှင့် ဥဇဘက်ကစ္စတန်တို့ ချန်ဒူးမြို့ စီချွမ်စပေါ့စင်တာကွင်း၌ ဆက်လက်ကစားရာ ပွဲမှာ အကြိတ်အနယ်ရှိခဲ့သည်။ အီရတ်အသင်းသည် ခြေစွမ်းမညံ့သော အသင်းဖြစ်ပြီး ဂျာဗား၊ အက်ဘာ၊ မူနီယာနှင့် အင်မက်တို့ ပါဝင်သဖြင့် တောင့်တင်းသည့် အသင်းဖြစ်သည်။ ဥဇဘက်ကစ္စတန်တွင်လည်း နာမည်ကြီး အလီကူလော့၊ နီကိုလာရက်၊ ဆိုလီရော့ဗ်နှင့် ဂျီယန်နင်တို့ ပါဝင်ပြီး ခြေအဆင့်အတန်းမနိမ့်သော အသင်းဖြစ်သည်။

အနီကတ်

အီရတ်နှင့် ဥဇဘက်ကစ္စတန် အသင်းတို့ပွဲတွင် အပြန်အလှန် ထိုးဖောက်ကစားနိုင်ကြပြီး တွန်းတွန်းတိုက်တိုက် ကစားခဲ့သဖြင့် အနီကတ်နှင့် အဝါကတ် အပြများသောပွဲလည်းဖြစ်သည်။

ဥဇဘက်ကစ္စတန်အသင်း ပိုမိုထိုးဖောက်ကစားနိုင်ကာ အီရတ်နောက်တန်းကို အကြိမ်ကြိမ်ခြိမ်းခြောက်နိုင်ခဲ့သည်။ အပြန်အလှန်တိုက်စစ်ဆင်ကာ အတင်းဝင်၊ အတင်းထွက် ကစားသဖြင့် ပွဲမှာအနည်းငယ်ကြမ်းသလိုဖြစ်ခဲ့သည်။ ပွဲချိန်၂၂မိနစ်တွင် ဥဇဘက်ကစ္စတန်မှ မီယာဂျာလာကာဆီမော့ဘောလုံးသယ်ယူလာပြီး နောက်ခံလူများကြားမှ မနားတမ်းကန်သွင်းယူသဖြင့် တစ်ဂိုး စတင်ရရှိခဲ့သည်။

အီရတ်တို့ တစ်ဂိုးအသွင်းခံရသဖြင့် ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ထိရောက်မှုမရှိပေ။ ပွဲချိန်၈၃မိနစ်တွင် ဥဇဘက်ကစ္စတန်မှ နီကိုလာရက် ကြမ်းတမ်းစွာ ကစားမှုကြောင့် နှစ်ဝါတစ်နီထိကာ အထုတ်ခံရပြီး ၁၀ဦးတည်းဖြင့် ကစားခဲ့ရသည်။ ထို့အတူ ပွဲချိန် ၈၇ မိနစ်တွင် အီရတ်အသင်းမှ အီမက်မိုဟာမက် တိုက်ရိုက်အနီပြခံရကာ အထုတ်ခံရမှုကြောင့် အီရတ်တို့ ၁၀ဦးဖြင့်သာ ကစားခဲ့ရသည်။

အီရတ်တို့ ချေပဂိုးရရှိရေး အပြင်းအထန်ကြိုးစားသော်လည်း အဆုံးသတ်မပိုင်နိုင်မှုများကြောင့် တစ်ဂိုး– ဂိုးမရှိဖြင့် ရှုံးခဲ့ရခြင်းဖြစ်သည်။ အီရတ်နှင့် ဥဇဘက်ကစ္စတန်တို့ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုကို ဥဇဘက်အသင်းမှ ကာစီမော့ဗ်က ရရှိသွားသည်။

အုပ်စု(ဃ)

အာရှဖလား ၂၀၀၄ ဘောလုံးပြိုင်ပွဲအုပ်စု(ဃ)မှ ဂျပန်နှင့် အိုမန်အသင်းတို့ ပထမပွဲစဉ်အဖြစ်လည်းကောင်း၊ ဒုတိယပွဲစဉ်အဖြစ် အီရန်နှင့် ထိုင်းအသင်းတို့၏ ပြိုင်ပွဲများကို တရုတ်နိုင်ငံ ချုံကင်းမြို့ရှိ ချုံကင်းအိုလံပစ် စင်တာကစားကွင်း၌ ဇူလိုင် ၂၀ ရက် (ယနေ့)တွင် ကစားကြမည်ဖြစ်သည်။

အုပ်စု(ဃ)တွင် ဂျပန်၊ အိုမန်၊ အီရန်နှင့် ထိုင်းအသင်းတို့ ပါဝင်ကြပြီး ဂျပန်နှင့် အီရန်အသင်းတို့ အုပ်စုမှ တက်ရန် အခွင့်သာလျက်ရှိသည်။ ဂျပန်အသင်းသည် လက်ရှိအာရှဖလား ချန်ပီယံဖြစ်ရာ အာရှအဆင့်တွင် ထိပ်တန်းအဆင့်ရှိသော အသင်းလည်းဖြစ်သည်။

ဂျပန်အသင်းကို ဘရာဇီးနည်းပြဆရာ ဇစ်ကိုက တာဝန်ယူထားပြီး ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်းကဲ့သို့ ခြေစွမ်းကောင်းလျက်ရှိသည်။ ယခုနှစ်တွင် ကစားသည့်ပြည်ပအသင်းများနှင့် ဘောလုံးပွဲ ကိုးပွဲကစားခဲ့ရာတွင် ရှုံးပွဲတစ်ပွဲသာရှိထားပြီး နိုင်ပွဲများဆက်တိုက်ရရှိခဲ့သည့်အတွက် အောင်မြင်မှုစိတ်ဓာတ်မြင့်မားနေသော အသင်းလည်းဖြစ်သည်။ နည်းပြဇစ်ကို၏ ဂျပန်အသင်းသည် ၂၀၀၄ခုနှစ်အတွင်း အာရှအသင်းများနှင့် ကစားရာတွင် ရှုံးပွဲမရှိ စံချိန်တင်ထားသော အသင်းလည်းဖြစ်သည်။

ဂုဏ်သိက္ခာ

ဂျပန်အသင်း လက်ရှိအနေအထားသည် အာရှဖလားချန်ပီယံဆိုသည့် ဂုဏ်သိက္ခာကို ဆက်လက်ကာကွယ်နိုင်မည့် စွမ်းပကားများ အပြည့်ရှိနေပြီး ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် တိုက်စစ်မှူးများဖြစ်သည့် နာကာမူဝါ၊ ယာနာဂီဆာဝါနှင့် ဆူဇူကီးတို့ ဦးဆောင်ပြီး ကစားမည်ဖြစ်သည်။ ယခုနှစ်ခြေစမ်းပွဲများအဖြစ် ချက်၊ အိုက်စလန်တို့နှင့် ကစားရာတွင် အနိုင်ရရှိခဲ့ပြီး နာမည်ကြီး အင်္ဂလန်အသင်းနှင့်လည်း သရေကျအောင် ကစားနိုင်ခဲ့သည်။

အိုမန်အသင်းသည် ဂျပန်နှင့် ယနေ့ကစားရမည်ဖြစ်ရာ ချက်နည်းပြဆရာ မီလန်မာကာလာ၏ အကိုင်အတွယ်ကောင်းမှုကြောင့် ခြေစွမ်းထက်မြက်နေသော အသင်းလည်းဖြစ်သည်။ အိုမန်အသင်းသည် ခြေစစ်ပွဲ၌ တောင်ကိုရီးယားကို အနိုင်ကစားခဲ့ပြီး ခြေစွမ်းခြေစရှိသည့် လူငယ်များကို အားထားနေသော အသင်းလည်းဖြစ်သည်။ အာရှအဆင့်တွင် အိုမန်သည် ခြေစွမ်းနိမ့်လျက်ရှိသော်လည်း စည်းလုံးညီညွတ်သောအသင်း၊ စိတ်ဓာတ်ရှိသော အသင်းဖြစ်သည်။

ဂျပန်အသင်းနှင့် နှိုင်းယှဉ်လျှင် အတွေ့အကြုံနှင့် အဆင့်အတန်းအရ ကွာခြားချက်ရှိသော်လည်း ဂျပန်တို့ အဖွင့်ပွဲစဉ်တွင် အမှတ်ပြည့် သုံးမှတ်ရရှိရန် ကြိုးစားယှဉ်ပြိုင်ရမည့် အနေအထားရှိသည်။

အုပ်စု(ဃ)မှ ဒုတိယပွဲစဉ်အဖြစ် အီရန်နှင့် ထိုင်းအသင်းတို့ ချုံကင်းမြို့ အိုလံပစ်စင်တာကွင်း၌ ဒုတိယပွဲစဉ်အဖြစ် ဆက်လက်ကစားရမည်ဖြစ်သည်။

သုံးကြိမ်ဆက်တိုက်

အီရန်အသင်းသည် အာရှဖလားပွဲ သမိုင်းတစ်လျှောက် သုံးကြိမ်ဆက်တိုက် ချန်ပီယံဖြစ်ခဲ့ဖူးသည့် တစ်သင်းတည်းသော အသင်းလည်းဖြစ်သည်။ အီရန်အသင်းကို နည်းပြအိုင်ဗန်ကိုဗစ် တာဝန်ယူထားပြီး အာရှတွင် ထိပ်တန်းအဆင့်ရှိသော အသင်းလည်းဖြစ်သည်။ နည်းပြအိုင်ဗန်ကိုဗစ်က အသင်းကို အကောင်းဆုံးဖွဲ့စည်းရာတွင် ဥရောပအခြေစိုက် ဘောလုံးသမားများကို ခေါ်ယူကာ အားဖြည့်ထားသည်။

ယခုနှစ်အာရှဖလားတွင် ဗိုလ်စွဲနိုင်သည့်အသင်းဟု ရေပန်းစားနေသော အသင်းလည်းဖြစ်သည်။ အာရှဖလား ၂၀၀၄ခြေစစ်ပွဲတွင် ခြောက်ပွဲကစားရာ ငါးပွဲနိုင်၊ တစ်ပွဲရှုံးပြီး ၁၆ဂိုးသွင်းကာ ငါးဂိုး အသွင်းခံထားရသော မှတ်ကျောက်ရှိနေသည့် အသင်းဖြစ်ရာ ထိုင်းအသင်းအနေဖြင့် အကြိတ်အနယ် ကြိုးစားကစားရမည့် အနေအထားရှိသည်။

အုပ်စုကျပ်

ထိုင်းအသင်းသည် ပွဲဦးထွက် အီရန်အသင်းနှင့် တွေ့ရှိရသဖြင့် သရေကျအောင်ပင် ကြိုးစားကစားရမည့် အခြေနေရှိသည်။ အုပ်စု(ဃ)သည် အာရှဖလား ၂၀၀၄တွင် အကျပ်ဆုံးအုပ်စုဖြစ်ရာ ပွဲဦးထွက်တွင် အီရန်နှင့် ကစားရမည်ဖြစ်သဖြင့် ထိုင်းအသင်း အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ရမည့် အခြေအနေဖြစ်သည်။

ထိုင်းအသင်းကို နည်းပြဆရာ ချတ်ချိုင်းပါဟိုလ်ဖတ်က တာဝန်ယူပြီး ကိုင်တွယ်နေရာ အာရှထိပ်တန်းအဆင့်ဝင်ရန်ကြိုးစားနေသော အသင်းလည်းဖြစ်သည်။ သို့သော် အာရှဖလား ၂၀၀၄ခြေစစ်ပွဲရလဒ်မှာ သုံးပွဲနိုင်၊ သုံးပွဲရှုံးပြီး ၁၀ဂိုး သွင်းကာ ရှစ်ဂိုး အသွင်းခံထားရသော မှတ်တမ်းရှိနေသဖြင့် အီရန်အသင်းကို ယှဉ်ပြိုင်ရန် ခက်ခက်ခဲခဲ အားထုတ်ကြိုးပမ်းရမည်ဖြစ်သည်။

ထိုင်းနှင့် အီရန်အသင်းတို့သည် လက်ရှိ ခြေစွမ်းခြေစအရ လည်းကောင်း၊ ဘောလုံးကစားမှု နည်းစနစ်ပိုင်းနှင့် အတွေ့အကြုံများတွင်ပါ ကွာခြားသည်ဖြစ်ရာ အီရန်အသင်း အနိုင်ရရှိနိုင်သည်ဟု သုံးသပ်ဖော်ပြရပေသည်။ ။ **(မြန်မာ့အလင်း)**

ကာတာနှင့် အင်ဒိုနီးရှားတို့ပွဲတွင် အကောင်းဆုံးဘောလုံးသမားဆုရရှိသွားသည့် အင်ဒိုနီးရှားမှ ဟင်န်ဒရိကာတီကို ဆုယူစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အမြန်ရောင်းမည်

သဃ်န်းကျွန်း၊ ဇောတိကအိမ်ရာ 3F ထောင့်ခန်း အဆင့်မြင့်ပြင်ဆင်ပြီး ရောင်းဈေး ကျပ် ၆၅ သိန်း။
ဖုန်း–၅၄၀၀၈၀၊ ၅၆၆၁၅၉။

MCC ၏ အကျိုးရှိရှိ ထိထိမိမိ သင်တန်းများ

◆ **Business English Course**

◆ **Desktop Publishing Course**

ရိုလုံရွှေဆိုင်ကြီး(လက်လီလက်ကား)

ဆိုင်(၁)–အမှတ် (S-7)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ရန်ကုန်။
☎–(Ext.)
ဆိုင်(၂)–အမှတ် (F-1)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ရန်ကုန်။
☎–(Ext.)

ယခုအပတ် မြန်မာဗီဒီယိုဇာတ်ကား ၁၄ကား ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၉

ယခုအပတ်တွင် မြန်မာဗီဒီယိုဇာတ်ကား ၁၄ကား ဖြန့်ချိမည်ဖြစ်သည်။ ကျော်ဟိန်း၊ ဒွေး၊ ရာဇာနေဝင်း၊ ဝေဠုကျော်၊ ခန့်စည်သူ၊ နန္ဒာလှိုင်၊ အိန္ဒြာကျော်ဇင် စသောနာမည်ရသရုပ်ဆောင်တို့၏ ဇာတ်ကားများပါဝင်သည်။

ပြည့်ဖြိုးမြတ်ဗီဒီယိုမှ ဒါရိုက်တာ ခင်စောမျိုးရိုက်ကူးပြီး ကျော်ဟိန်း၊ ဝေဠုကျော်၊ နဝရတ်တို့ပါဝင်သော **'သေသောသူသည် သုသာန်သို့သွားသည်'** ပထမပိုင်းနှင့်ဇာတ်သိမ်းပိုင်း။ ကြောင်ကမ္ဘာဗီဒီယိုမှ ဒါရိုက်တာ မောင်နီလွင် ရိုက်ကူးပြီး နေမျိုးအောင်၊ ယမင်းကိုကိုတို့ ပါဝင်သော **'သို့... မခင်နှင်းဆီ'**။ လှိုင်း ဗီဒီယိုမှ **'စကားဝါ ဒေလီမြင့်အငြိမ့်'**။ အီးဂဲဂရုမှ ဒါရိုက်တာ မောင်မြတ်ဆွေ ရိုက်ကူးပြီး ရာဇာနေဝင်း၊ ဇာဂနာ၊ မြတ်ကေသီအောင်တို့ ပါဝင်သော **'ချစ်ချစ်နှင့် သူငယ်ချင်းနှစ်ယောက်'**။

ရွှေသံလွင်ဖြိုးဗီဒီယိုမှ ဒါရိုက်တာ မောင်မျိုးမင်း ရိုက်ကူးပြီး ဒွေး၊ နန္ဒာလှိုင်၊ အရိုင်းတို့ပါဝင်သော **'ကောင်းကင်အကြွေကောက်တဲ့လက်။'** လပ်ကီးဆဲဗင်းမှ ဒါရိုက်တာ လွှမ်းမိုးအောင် ရိုက်ကူးပြီး ခင်လှိုင်၊ မြို့တော်ချစ်ဖွယ်၊ ညီကျော်၊ မြသင်းချယ်တို့ ပါဝင်သော **'တစ်ခါတုန်းကသမက်၊ အခုတော့ယောက္ခမ'**။ အာကာချယ်မှ ဒါရိုက်တာ ထက်ပိုင်ရိုက်ကူးပြီး ဠွန်ဂို၊ မြသင်းချယ်တို့ပါဝင်သော **'ခါးစောင်းတင်လို့ မောင်းတင်ပစ်လိုက်မယ်'**။

ပန်းခြေရာမှ ဒါရိုက်တာ စန္ဒာအောင်သိန်းရိုက်ကူးပြီး ဝင်းမိုးကျော်၊ ထက်ဝန်းမြတ်နိုးတို့ ပါဝင်သော **'ရင်ခွဲမိုး'**။ စိန်ငွေဗီဒီယိုမှ ခန့်စည်သူ၊ အိန္ဒြာကျော်ဇင်တို့ပါဝင်သော**'အချစ်ဝင်စားတဲ့ ကောင်မလေး'**။ သုခမိန်ဗီဒီယိုမှ ဒါရိုက်တာမြိုင်စစ်သူ ရိုက်ကူးပြီး ရဲမင်းပိုင်၊ ထက်ရှား၊ ရွှန်းလဲ့ဦးတို့ ပါဝင်သော **'ဓားမကြောက်တဲ့ဝါး'**။

ဇမ္ဗူတလူမှဒါရိုက်တာမင်းအုပ်စိုး ရိုက်ကူးပြီး မင်းအုပ်စိုး၊ သဇင်၊ ကင်းကောင်တို့ပါဝင်သော **'သူ့အရပ်နှင့်သူ့ဇာတ်'**။ဝင်းဘရားသားမှဒါရိုက်တာ မန်းဝင်းရိုက်ကူးပြီး ဧရာ၊ ငြိမ်းချမ်း၊ နေကျော်တို့ပါဝင်သော **'မိုးဆမ်းပန်းအငြိမ့်'**။ ဒါရိုက်တာ မောင်နီလွင် ရိုက်ကူးပြီး နေထက်လင်း၊ မျိုးစန္ဒီကျော်တို့ ပါဝင်သော **'ကျွန်တော်နှင့်ရတနာ'** ဇာတ်ကားတို့ ဖြန့်ချိပြသမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

မောင်ဆွေထွန်း

ရွှေသံလွင် ဗီဒီယိုမှ 'ကောင်းကင်အကြွေ ကောက်တဲ့လက်' ဇာတ်ကားမှ သရုပ်ဆောင် ဒွေးနှင့် နန္ဒာလှိုင်။

ဓားမကြောက်တဲ့ဝါး

သုခမိန် ဗီဒီယိုမှ 'ဓားမကြောက်တဲ့ဝါး' ဇာတ်ကားမှ ရဲမင်းပိုင်နှင့် ရွှန်းလဲ့ဦး အတွဲ။

'အချစ်ဝင်စားတဲ့ကောင်မလေး' ဇာတ်ကားမှ အိန္ဒြာကျော်ဇင်၏ သရုပ်ဆောင်ဟန်။

ဝါဆိုသင်္ကန်းဆက်ကပ်

ဇူလိုင် ၁၇ရက်က ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အသေးစားချေးငွေလုပ်ငန်း ဝန်ထမ်းမိသားစု၏ သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူ ပူဇော်ပွဲကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း ရုံးချုပ်သင်တန်းခန်းမဆောင်တွင် ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းညွှန့်နှင့်ဇနီး ဒေါ်သန်းနွယ်ဦးတို့က ဗဟန်းမြို့နယ် ဒက္ခိဏာရုံ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တသံဝရထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဦးဝိစ္စာလမ်း အမှတ် ၁၁(ဘီ)နေ မိဘနှစ်ပါးဖြစ်ကြသော ဦးဖိုးလှိုင်-ဒေါ်မွေးအုံတို့ကို ရည်စူး၍ သမီး ဒေါ်ခင်အေး၊ ဒေါ်ခင်မြမြ၊ မောင်-ဦးခင်လတ် ဂန္ဓမာလာ မိသားစုတို့က သုံးထပ် ဘိုးဘွား ဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အက်စ်တန်ဗီလာ၏ တိုက်စစ်မှူး အသင်းနှင့်လေးနှစ် ထပ်မံစာချုပ်

လန်ဒန် ဇူလိုင် ၁၇

အက်စ်တန်ဗီလာ တိုက်စစ်မှူး ဂျူယန်ပါဘလိုအိန်ဂျယ်သည် ပရီမီယာလိဂ် ကလပ်အသင်းနှင့် လေးနှစ် အသစ်ထပ်မံစာချုပ်ခြင်းဖြင့် သူ၏ အနာဂတ် ထင်ကြေးပေးနေမှုများကို အဆုံးသတ်သွားပြီဖြစ်ကြောင်း ဗီလာက သောကြာနေ့က ၎င်း၏ ဝက်ဘ်ဆိုက်တွင် ပြောကြားသည်။

အသက် ၂၈နှစ်အရွယ်ရှိ အဆိုပါ ဘောလုံးသမားသည် ကိုလံဘီယာ တိုက်စစ်မှူးဟောင်းဖြစ်ပြီး လွန်ခဲ့သောဘောလုံးရာသီက အက်စ်တန်ဗီလာအသင်းအတွက် ဂိုးအများဆုံးသွင်းကာ စုစုပေါင်း ဂိုး ၂၃ဂိုး သွင်းပေးခဲ့သည်။

ယင်းကိစ္စသည် ဗီလာပတ်ခ်ရှိ လူတိုင်းအတွက် သတင်းကောင်းတစ်ရပ်ဖြစ်ကြောင်း ဗီလာဥက္ကဋ္ဌ ဒေါ်ဂျ်အဲလစ်ကပြောသည်။

ဂျူယန်ပါဘလိုအိန်ဂျယ်သည် ပြီးခဲ့သော ဘောလုံးရာသီက ပြိုင်ပွဲများအတွင်း အဓိကအခန်းကဏ္ဍမှ ပါဝင်ကစားခဲ့ကြောင်း၊ ၎င်းအနေဖြင့် လာမည့်ဘောလုံးရာသီတွင် မိမိတို့၏ ယုံကြည်မှုများကို ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ဗီလာဥက္ကဋ္ဌကပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

ကမ္ဘာ တစ် လွှား အား က စား

၂၀၀၆ ကမ္ဘာ့ ဖလား ခြေစစ်ပွဲအောင်ရေး စကော့တလန်အသင်း ချစ်ကြည်ရေးခြေစမ်းမည်

ဂလပ်စ်ဂေါ ဇူလိုင် ၁၇

စကော့တလန် ဘောလုံးအသင်းသည် စက်တင်ဘာလတွင် ဆလိုဗေးနီးယားနှင့် ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပွဲ ခြေစစ်ပွဲမကစားမီတစ်ပတ်အလိုတွင် စပိန်ဘောလုံးအသင်းနှင့် ချစ်ကြည်ရေး ခြေစမ်းပွဲကစားရန် စီစဉ်လျက်ရှိသည်။

အဆိုပါ ဘောလုံးပွဲကို ဗလင်စီယာတွင် စပိန်ပထမတန်း လီယန်တီကွင်း၌ စက်တင်ဘာ ၃ ရက်တွင် ယှဉ်ပြိုင်ကစားရန် စီစဉ်ထားကြောင်း စကော့တလန်ဘောလုံးအဖွဲ့ချုပ်က သောကြာနေ့က ပြောကြားသည်။

စကော့တလန်အသင်းသည် ပြင်သစ်၌ ၁၉၉၈ ကမ္ဘာ့ဖလား နောက်ဆုံးပွဲစဉ် နောက်ပိုင်း ခြေစစ်ပွဲ မအောင်ခဲ့ပေ။ စကော့တလန်၏ အခြားခြေစစ်ပွဲတွင်ပါဝင်မည့်လေးသင်းမှာ အီတလီ၊ နော်ဝေ၊ဘီလာရုပ်စ်နှင့် မော်ဒိုဗာအသင်း တို့ဖြစ်ကြသည်။ **အမ်အင်အေ၊ရိုက်တာ။**

ယူရို-၂၀၀၄ အကောင်းဆုံး ဘောလုံးသမား စပိန်လီယန်တီအသင်းနှင့် စာချုပ်ရေးမအောင်မြင်

မက်ဒရစ် ဇူလိုင် ၁၇

စပိန် ဘောလုံးအသင်းဖြစ်သော လီယန်တီ ဘောလုံးအသင်းသည် ဘောလုံးအသင်း အဆင့်မြှင့်တင်ရေး လုပ်ငန်းတစ်ရပ်အဖြစ် ဂရိဘောလုံးအသင်းခေါင်းဆောင် ဇာဂိုရာကစ်အား စာချုပ်ရန် ခေါ်ယူဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ပြစ်တင်ပြောဆို

သို့ရာတွင် စေ့စပ်ဆွေးနွေးမှုများ မအောင်မြင်သည့်အတွက် အဆိုပါ ဘောလုံးသမား၏ အေးဂျင့်အပေါ် ပြစ်တင်ပြောဆိုလိုက်သည်။

ဆွေးနွေးမှုပျက်ပြား

ဇာဂိုရာကစ်အား စာချုပ်ရန်ဆွေးနွေးမှုများပျက်ပြားခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် ယင်းဘောလုံးသမား၏ ကိုယ်စားလှယ်အနေဖြင့် ဘောလုံးအတတ်ပညာ ကျွမ်းကျင်ပိုင်နိုင်မှု အားနည်းခြင်းကြောင့် ဖြစ်ကြောင်း ပရီမီဂါလီဂါ ကလပ်က ၎င်း၏ဝက်ဘ်ဆိုက်တွင် ကြာသပတေးနေ့က ပြောကြားသည်။

ဇာဂိုရာကစ်သည် ဒက်လာဒင်အိခ်အေသင်နှင့် စာချုပ်ကုန်ဆုံး သွားပြီဖြစ်သည်။ အသက် ၃၂နှစ် အရွယ်ရှိ လီဆက်စတာ ကွင်းလယ်ကစားသမားဟောင်း အဆိုပါဘောလုံးသမားသည် အီတလီ ဘိုလိုနာကလပ်နှင့်လည်း ရွှေ့ပြောင်းရေး အဆက်အသွယ်ပြုလုပ်ထားသည်။ **အမ်အင်အေ၊ရိုက်တာ။**

ဒေးဗစ်ဘက်ခမ်းလွဲခဲ့သော ပယ်နယ်တီဘောလုံး အနှစ်နှစ်အလလက အိပ်မက်ဟု ဘောလုံးရရှိသူဆို

မက်ဒရစ် ဇူလိုင် ၁၇

ယူရို-၂၀၀၄တွင် အင်္ဂလန်ဘောလုံးအသင်းနှင့် ပေါ်တူဂီအသင်းတို့ ယှဉ်ပြိုင်ကစားသည့်ပွဲ၌ ဒေးဗစ်ဘက်ခမ်း ပယ်နယ်တီကန်သွင်းသည့် ဘောလုံးကို ရရှိသူ စပိန်ဘောလုံးပရိသတ်တစ်ဦးက ဒေးဗစ်ဘက်ခမ်းအား ကျေးဇူးတင်မိကြောင်း ပြောကြားသည်။

"သူ၏အမှားကြောင့် ထိုဘောလုံးကို မိမိရရှိခဲ့ခြင်းသည် ကျွန်တော် အနှစ်နှစ်အလလက မက်ခဲ့သော အိပ်မက်ကို ပြီးပြည့်စုံသွားပြီဖြစ်ကြောင်း" ပါဘလိုကာရယ်ဆိုသူက စပိန်အေအက်စ် သတင်းစာကို သောကြာနေ့က ပြောကြားလိုက်သည်။

"ဒေးဗစ်ဘက်ခမ်းက ဘောလုံးကို သေချာပေါက် လေထဲသို့မြောက်တက်အောင် ကန်လိမ့်မည်ဟု မိမိထင်ထားကြောင်း၊ ဘောလုံးက မိမိဆီသို့ တည့်တည့်လာနေသည်ကို မယုံကြည်နိုင်လောက်အောင် ဖြစ်ရကြောင်း၊ အပြစ်ရှာဝေဖန်ပြောဆိုမည့်သူတစ်ဦးတစ်ယောက်ကိုမျှ မိမိမသိတော့ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် မိမိထင်ထားသည့်အတိုင်းဖြစ်လာ၍ ဖြစ်ကြောင်း" အသက် ၂၅နှစ်အရွယ်ရှိ ကာရယ်က ပြောသည်။ ၎င်းသည် အဆိုပါဘောလုံးပြိုင်ပွဲ၏ Q အတန်း၌ ထိုင်နေစဉ် ဖမ်းမိခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ။**

နောင်ချိုမြို့နယ် ဆင်းရွှေလီ မိုးစပါးမျိုးကြဲပွဲ ပြင်ဦးလွင်မြို့နယ်မှ တောင်သူများလာရောက်လေ့လာ

နောင်ချို ဇူလိုင် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ဆမ္မဆယ်အုပ်စု ရေမောင်းတန်းကျေးရွာရှိ တောင်သူကြီး ဦးကျုံဖောင်း၏ လယ်မြေတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် မိုးစပါးဆင်းရွှေလီမျိုးကြဲပွဲကို ဇူလိုင် ၁၀ ရက် နံနက်က ကျင်းပရာ ပြင်ဦးလွင်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးအောင်လွင်၊ ဝက်ဝံကျေးရွာအုပ်စု ဥက္ကဋ္ဌဦးဘတင် ဦးဆောင်သော တောင်သူဦးကြီး ၅၀လာရောက် လေ့လာကြသည်။

တက်ရောက်ကြည့်ရှု

အဆိုပါ မျိုးကြဲပွဲသို့ ကျောက်မဲ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးခင်မောင်မြင့်၊ နောင်ချိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာနှင့်ဝန်ထမ်းများ၊ မြို့နယ်စိုက်/ ကြပ်အဖွဲ့ဝင်များနှင့် တောင်သူများ တက်ရောက်ကြည့်ရှုကြသည်။ **(ဝဲပုံ)**

လက်တွေ့သရုပ်ပြ

အစီအစဉ်အရ ခရိုင်အတွင်းရေးမှူးနှင့် စိုက်ပျိုးရေးမန်နေဂျာတို့က စိုက်နည်းစနစ်၊ အထွက်နှုန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် အကျိုးအမြတ်များကို ရှင်းလင်းဆွေးနွေးပြောကြားပြီး မိုးစပါးဆင်းရွှေလီ အထွက်တိုးနည်း ၁၅ ချက်နှင့်အညီ စိုက်ပျိုးနိုင်ရန် ပထမအဆင့်တွင် အရေးကြီးသည့်စနစ်တကျ ပျိုးပေါင်ဆွဲခြင်း၊ သံဆန်ခါကွက်ဖြင့် ပျိုးထောင်ခြင်းတို့ကို လက်တွေ့ သရုပ်ပြသကြသည်။**(အပေါ်ဝဲပုံ)**

(မြို့နယ် ပြန်/ဆက်)

ဗလမင်းထင်တံတားဝန်းကျင် စိမ်းလန်းစိုပြည်ရေးဆောင်ရွက်

မြစ်ကြီးနား ဇူလိုင် ၇

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချိုသည် ဇူလိုင် ၁ရက်က ဒုတိယအင်ဂျင်နီယာမှူးကြီးဦးအောင်ငွေ၊ မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဆွေတို့နှင့်အတူ မြစ်ကြီးနားမြို့ ဗလမင်းထင်တံတား အဝင်လမ်းတစ်လျှောက်နှင့် တံတားဝန်းကျင်မြေခင်း အလှဆောင်ရွက်ရန်အတွက် ကွင်းဆင်းကြည့်ရှုကြပြီး တိုင်းတာမှုများ ပြုလုပ်ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**



ဇူလိုင်၇ ရက်ကမင်းဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးမြင့်အောင်နှင့် လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဒေါ်မာလာကျော်တို့ ရေတွင်းတူးဖော် ဆောင်ရွက်မှုကိုကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဖားကန့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းဆိုင်ရာရှင်းလင်း၊ ပညာပေးဟောပြော

ဖားကန့် ဇူလိုင် ၅

ကချင်ပြည်နယ် ဖားကန့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းဆိုင်ရာရှင်းလင်းပွဲအခမ်းအနားကို ဇွန် ၁၈ ရက်မှ ၂၂ ရက်ထိ ဖားကန့်မြို့နယ်ရှိ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ရာ ဖားကန့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါက်တာခင်လင်းမော်၊ အတွင်းရေးမှူးဒေါ်စန်းတင့်၊ ပညာရေးအဖွဲ့ခေါင်းဆောင်မြို့နယ်ပညာရေးမှူးဒေါ်ခင်ဝင်းမာ၊ အမျိုးသမီးများအကြမ်းဖက်မှုကာကွယ်ရေးအဖွဲ့ခေါင်းဆောင်ဒေါ်ခင်ဆန်းဆန်းနိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးအဖွဲ့ခေါင်းဆောင်ဒေါ်မေလွင်၊ တိုင်းရင်းသားရေးရာအဖွဲ့ခေါင်းဆောင် ဒေါ်ခေါန်နန်တို့ လိုက်ပါလျက် ကာမိုင်းမြို့ ဒွန်ဘုံခ၊ လဝါး၊ ဒွန်ဘန်၊ နောင်းမြီ၊ ဝါရဇွပ်၊ ရှုဒူဇွပ်နှင့် နန့်ယားကျေးရွာများသို့ ကွင်းဆင်းပြီး အမျိုးသမီးရေးရာလုပ်ငန်းများ ရှင်းလင်းပွဲနှင့် ပညာပေးဟောပြောပွဲများ ဆောင်ရွက်ခဲ့ကြသည်။ **(က-ပ)**

ရွှေစာရံကျေးရွာ ကာဝန်းကျေးလက် တံတားတည်ဆောက်

အမရပူရ ဇူလိုင် ၁၃

မန္တလေးတိုင်း အမရပူရမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော မန္တလေးတိုင်း ရွှေစာရံကျေးရွာ ကာဝန်းကျေးလက်တံတားအရှည် ပေ ၁၅၀နှင့် အကျယ် ၁၄ ပေရှိ တံတားကို အမရပူရမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကုန်ကျငွေကျပ် ၁၁၆၇၈၀၀၀ နှင့်ပုသိမ်ကြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကကုန်ကျငွေကျပ်၆၅၀၀၀၀၀ ဖြင့် ဆောင်ရွက်လျက်ရှိရာ အဆိုပါ လုပ်ငန်းဆောင်ရွက်မှုကို ဇူလိုင် ၉ ရက်က အမရပူရမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းအောင်နှင့်တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းလတ်တို့ ကြီးကြပ် ဆောင်ရွက်ကြသည်။**(အပေါ်ပုံ)** **(၁၁၃)**

ကျေးလက် သတင်းနှင့် မြင်ကွင်း

စစ်ကိုင်းတိုင်း ရေဦးမြို့ အမှတ်(၁)အမက မူလ တန်းလွန်ကျောင်းတွင် ဇွန်၂၆ရက် က သစ်ဆိမ့်ပင်၊ ခရေပင်၊ ယင်းမာပင် စုစုပေါင်း အပင်၂၀၀ကျော်ကို ကျောင်းအုပ်ဆရာမကြီးဒေါ်သန်းမြင့် ဦးဆောင်၍သစ်တောဦးစီးဌာန ဝန်ထမ်းများနှင့်ဆရာ၊ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်းသစ်ပင်စိုက်ပျိုးကြစဉ်။ (က-ပ)

ပဲခူးတိုင်း သနပ်ပင်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများလူနေမှုစနစ်မြင့်မားစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်လုံးကျွတ် ကျေးလက်အိမ်ရာတည်ဆောက်ရေး စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၇ ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းနှင့် သနပ်ပင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးမြင့်ဝေတို့ ကျေးလက်အိမ်ရာစီမံကိန်းအရ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသော မင်းရွာ ကျောင်းစုကျေးရွာမှ နေအိမ်တစ်လုံးကို ကြည့်ရှုစစ်ဆေးကြစဉ်။ (၃၄၇)

နွေစပါးစံကွက်ရိတ်သိမ်းပွဲ ခင်ဦးမြို့နယ်၌ ကျင်းပ

ခင်ဦး ဇူလိုင် ၁

ခင်ဦးမြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီမှ ဆောင်ရွက်သည့်နွေစပါးစံကွက်ရိတ်သိမ်းပွဲကို ဇွန် ၃ ရက်က ငွေးကုန်းအုပ်စု ကွင်းအမှတ် ၂၄၀၇ ဦးတင်မောင်၏ ၇၄၇ စပါးမျိုးသန့်စိုက်ပျိုးသည့် လယ်မြေတွင်ကျင်းပရာ အဆိုပါ စံကွက်ရိတ်သိမ်းပွဲကို မြို့နယ် ဥက္ကဋ္ဌဦးနိုင်ဝင်း၊ မြို့နယ် အတွင်းရေးမှူး ဦးမြင့်ထွန်း၊ မြို့နယ် စီမံကိန်းဦးစီးအရာရှိ ဦးကျော်ဆွေ၊ မြို့နယ် စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကတစ်ဧက ၁၁၉၃သမ ၄၉ တင်းထွက်ရှိမှုကို အားပေးကြည့်ရှုကြကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကြီးကြပ်ဆောင်ရွက်

ချင်းပြည်နယ် ဖလမ်းမြို့ သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် ဖလမ်းမြို့မှ ၁၂ မိုင်အကွာ တားလ်ချောင်းရေအရင်းအမြစ်ရှိ ရေစုကန်အတွင်း နုန်းနှင့် အမှိုက်များဖယ်ရှားရှင်းလင်းခြင်းကို ဇွန် ၁၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးတမ်အောင်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)



ဇူလိုင် ၁၀ ရက်က တိုက်ကြီးမြို့ပေါ် ရှစ်ရပ်ကွက်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ သယ်ယူ ရှင်းလင်းခြင်းလုပ်ငန်းများကိုတိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးမောင်စိုးနှင့် ဝန်ထမ်းများ၊တပ်မတော်သားများ နှင့်ကြက်ခြေနီ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်းဆောင်ရွက်မှုကို တိုက်ကြီးတပ်နယ်မှူးဗိုလ်မှူးချုပ်ထိန်ဝင်း ကြည့်ရှုအားပေးစဉ်။ (၅၂၆)

လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး ဆင့်ပွားသင်တန်းဖွင့်

ရွှေဘို ဇူလိုင် ၁၀

ရွှေဘိုခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး ဆင့်ပွားသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲကို ရန်ကြီးအောင်အားကစားကွင်းခန်းမ၌ ဇူလိုင် ၅ရက် နံနက် ၉နာရီက ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူးက သင်တန်းဖွင့်အမှာစကားပြောကြားကာ ရွှေဘိုခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်ရှစ်မြို့နယ်မှ မြို့နယ်ဥက္ကဋ္ဌများ၊ ခရိုင်မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားသင်တန်းသူ ၁၂၀တို့ တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးနှင့်ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၇ရက်က ဘူတာလမ်းတစ်လျှောက် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို စက်ယန္တရားဖြင့် ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမင်းလွင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လှိုင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၁၃၄)

သာယာဝတီမြို့နယ် စေတနာလူမှုရေးအသင်း အစည်းအဝေးနှင့်အလှူငွေပေးအပ်ပွဲကျင်းပ

သာယာဝတီ ဇူလိုင် ၇

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီမြို့ စေတနာလူမှုရေးထောက်ပံ့မှုအဖွဲ့၏ ဒသမအကြိမ် နှစ်ပတ်လည်အစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၁ ရက်က သာယာဝတီ အထက(၁) နဝဒေးစာကြည့်ဆောင်၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်အတွင်းရေးမှူး ဦးသန်းအောင်က အမှာစကားပြောကြားပြီး စေတနာလူမှုရေးအသင်းမှ ၂၀၀၄-၂၀၀၅ခုနှစ် ပညာရေးဆိုင်ရာ ထောက်ပံ့ ငွေကျပ် ၂၅၀၀၀၀ နှင့် ကျန်းမာရေး ဆိုင်ရာ ထောက်ပံ့ငွေကျပ်၁၈၀၀၀၀ကိုအသင်းဥက္ကဋ္ဌ ဦးကံဆင့်နှင့် ဘဏ္ဍာရေးမှူး ဦးမြစိန်တို့က ပေးအပ်လှူဒါန်းရာ ခရိုင်သွားနှင့်ခံတွင်း အထူးကုဆရာဝန် ဒေါက်တာအောင်နိုင်မိုးက လက်ခံရယူသည်။**(အောက်ပုံ) (ခရိုင်ပြန်/ဆက်)**

ပေါင်မြို့နယ် ထန်းပင်ချောင်းကြီးကျေးရွာ အလယ်တန်းကျောင်းမှ နိုင်ငံသားအရည်အချင်းပြည့်မီသူများ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၅ရက်က ကျင်းပရာ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူးဦးစိုးဦးက ကျောင်းအုပ်ဆရာကြီးဦးမြင့်အောင်သို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (၂၆၀)

မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေး

မော်လမြိုင်ကျွန်း ဇူလိုင် ၅

မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသော မြို့နယ်အမျိုးသမီးရေးရာ လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းဆိုင်ရာညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၂၁ရက် နံနက် ၁၀နာရီက ပျားမွတ်လျှော်ချောင်းကျေးရွာအုပ်စု ကျုံလတာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြော

ဆွေးနွေးပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်အေးအေးယုက လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးသန်းက အမျိုးသမီးရေးရာအဖွဲ့၏ ဖွဲ့စည်းပုံကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဘဏ္ဍာရေးမှူး ဒေါ်ဝင်းဝင်းက အသင်းဝင်တိုးပွားရေးကိုလည်းကောင်း ရှင်းလင်းဆွေးနွေး ဟောပြောကြသည်။

ရင်းရင်းနှီးနှီး

ထို့နောက် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်အေးအေးယုနှင့်အဖွဲ့က ပျားမွတ်လျှော်ချောင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၁ ရွာမှ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့အသင်းဝင်များ၊ ကျေးရွာမိခင်နှင့်ကလေးစောင့် ရှောက်ရေးအဖွဲ့အသင်းဝင်များနှင့် တွေ့ဆုံ၍ အမျိုးသမီးကဏ္ဍတိုးတက် မြင့်မားရေးလုပ်ငန်းများကို ရင်းရင်းနှီးနှီး ဖော်ရွေစွာ တွေ့ဆုံဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ရေဦး၌စုပေါင်းသစ်ပင်စိုက်ပျိုး

ရေဦး ဇူလိုင် ၆

ရေဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင်၍ ၂၀၀၆ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ရေဦးမြို့ သမိန်ဗရမ်းလမ်းမကြီးဘေးဝဲယာများတွင် ဇွန် ၂၆ရက်က ကျင်းပပြုလုပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်ဌာန ဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ စုပေါင်း၍ စိုက်ပျိုးကြကြောင်း သိရသည်။ **(၃၇၈)**

ရောဝတီတိုင်း ရေကြည်မြို့အဝင် လမ်းဆုံတွင် မြေယာအလှပြုပြင်ခြင်း လုပ်ငန်းကို ရေကြည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် အငယ်တန်း အင်ဂျင်နီယာ(၂)တို့ ဇွန် ၂၉ရက်က ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပန်းအလှပင်နှင့် အရိပ်ရပင် စုပေါင်းစိုက်ပျိုး

ဟိုပင် ဇူလိုင် ၅

ဟိုပင်မြို့ စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးအတွက် ဇူလိုင် ၁ရက်က မြသီတာရပ်ကွက် ပြည်ထောင်စုလမ်းမကြီး လမ်းဘေးဝဲယာတွင် ပန်းအလှပင်နှင့် အရိပ်ရပင် ၂၀၀၀ ကျော်ကို စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးအင်ခွန်အောင်၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ စုပေါင်းစိုက်ပျိုးကြသည်။ **(မြို့နယ်စည်ပင်)**

သံဖြူဇရပ်မြို့နယ် ရဲတပ်ဖွဲ့က ကြီးမှူးဖွင့်လှစ်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ဇွန် ၂၆ရက်က သံဖြူဇရပ်မြို့ အမှတ်(၁)အထက ပညာဗိမာန်ခန်းမတွင်ကျင်းပရာ မြို့နယ်ဥပဒေအရာရှိ ဦးတင်ဝင်းအောင်က ကျောင်းသားတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (၁၆၈)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန
၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ် ရန်ကုန်မြို့

၂၀၀၅–၂၀၀၆ ပညာသင်နှစ်
ပညာရေးဘွဲ့(ဘီအီးဒီ) စာပေးစာယူ (၂)နှစ်သင်တန်း၊ အမှတ်စဉ်(၂၄) ဝင်ခွင့်စာမေးပွဲကျင်းပမည့်အစီအစဉ် ကြေညာချက်

၁။ ၂၀၀၅–၂၀၀၆ ပညာသင်နှစ်အတွက် ပညာရေးဘွဲ့ (ဘီအီးဒီ) စာပေးစာယူ (၂)နှစ်သင်တန်းဝင်ခွင့်စာမေးပွဲကို ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနက သတ်မှတ်ထားသော စာစစ်ဌာနများတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

စဉ်	ကျင်းပမည့်ရက်စွဲ	နေ့	အချိန်	ဘာသာရပ်
၁။	၇–၁၂–၂၀၀၄	အင်္ဂါနေ့	၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ	မြန်မာစာ
၂။	၈–၁၂–၂၀၀၄	ဗုဒ္ဓဟူးနေ့	၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ	အင်္ဂလိပ်စာ
၃။	၉–၁၂–၂၀၀၄	ကြာသပတေးနေ့	၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ	သင်္ချာ
၄။	၁၀–၁၂–၂၀၀၄	သောကြာနေ့	၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ	ရူပဗေဒ/ပထဝီဝင်
၅။	၁၁–၁၂–၂၀၀၄	စနေနေ့	၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ	ဓာတုဗေဒ/သမိုင်း
၆။	၁၃–၁၂–၂၀၀၄	တနင်္လာနေ့	၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ	ဇီဝဗေဒ/ ဘောဂဗေဒ

၂။ အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ စီစဉ်ပို့ချသော အလယ်တန်းဆရာ အတတ်သင်တန်း (အချိန်ပြည့်၊ စာပေးစာယူ၊ ပညာရေးကောလိပ်အခြေပြု) (သို့မဟုတ်) PGDT (သို့မဟုတ်) PGDMAသင်တန်းအောင်လက်မှတ်ရ ဆရာ ဆရာမများသည် ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွက် ပညာရေးဘွဲ့ (ဘီအီးဒီ) စာပေးစာယူ (၂)နှစ်သင်တန်းဝင်ခွင့်စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာများကို သက်ဆိုင်ရာပြည်နယ်၊ တိုင်းပညာရေးမှူးရုံးများသို့ ၂၀၀၄ခုနှစ် အောက်တိုဘာလ ၁၅ရက် သောကြာနေ့ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်–

(က) အလယ်တန်းပြ (သို့မဟုတ်) အလယ်တန်းပြ (မူလတန်းတာဝန်) (သို့မဟုတ်) မူလတန်းကျောင်းအုပ် ဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဂ) ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် လက်ရှိရာထူး၌ လုပ်သက်တစ်ဆက်တည်း ငါးနှစ်ပြည့်ပြီးသူ ဖြစ်ရမည်။ ခြွင်းချက်အနေဖြင့် ဘွဲ့ရစဉ်က ဂုဏ်ထူးတန်းတက်ရောက်ရန်အဆင့်မီသူ (သို့မဟုတ်) မဟာဘွဲ့သင်တန်းတက်ရောက်ရန် အဆင့်မီသူဖြစ်ပါက ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် လုပ်သက်တစ်ဆက်တည်း နှစ်နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(ဃ) ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် (၅၅) နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။

(င) အခြားသင်တန်းတက်ရောက်နေသူ မဖြစ်စေရ။

(စ) ပညာရေးဘွဲ့ ရရှိပြီးသောအခါ ပညာရေးဝန်ကြီးဌာန၏ လိုအပ်ချက်အရ တာဝန်ပေးရာနေရာဒေသသို့ သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ စာမေးပွဲဖြေဆိုခွင့်ရရှိသူများ၏ ခုံအမှတ်စာရင်းများကို သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းပညာရေးမှူးများက စာစစ်ဌာနအလိုက် ကြိုတင်ကြေညာပေးမည်ဖြစ်ပါသည်။

အတွင်းရေးမှူး
သင်တန်းဝင်ခွင့်ကြီးကြပ်ရေးအဖွဲ့။

ရက်စွဲ ၂၀၀၄ခုနှစ် ဇူလိုင် ၁၆ ရက်

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်၊ ၂၇လမ်း၊ အမှတ် ၆၇၊ မြေညီထပ်တွင် ရုံးခန်းဖွင့်လှစ် ဆောင်ရွက်လျက်ရှိသော SUMO INDUSTRIAL TRADING LIMITED သည် အောက်ပါ ကုန်အမှတ်တံဆိပ်များ၏ တစ်ဦးတည်းပိုင်ရှင် ဖြစ်ပါသည်။

IV- ၃၈၆/၂၀၀၄

IV- ၃၈၇/၂၀၀၄

SUMO INDUSTRIAL TRADING LIMITED သည် "PUNTO" "MASPION" စသည့် ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများကို အသုံးပြု၍ လျှပ်စစ်မီးချောင်းနှင့် လျှပ်စစ်ပစ္စည်း အမျိုးမျိုးတို့ကို အရောင်းကိုယ်စားလှယ် City Mate General Trading Co., Ltd.မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိရောင်းချလျက်ရှိပါသည်။

သို့ပါ၍ အဆိုပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများ၏ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ဆင်တူယိုးမှား ပြုလုပ်၍ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်းနှင့် လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ

အရောင်းကိုယ်စားလှယ်
City Mate General
Trading Co., Ltd.
အမှတ် ၁၈၀၊ ၃၅လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–(၀၁) ၂၄၃၈၁၃၊ ၂၄၃၈၁၆

ဦးအီးနုစ် (တရားရုံးချုပ်ရှေ့နေ)
Ye Noos & Associates(Law Firm)
အမှတ် ၃၀(ပထမထပ်)၊ ၄၄လမ်း၊ရန်ကုန်မြို့။
ဖုန်း–(၀၁) ၂၉၆၁၃၂၊ ၂၉၈၅၄၁။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာများတင်သွင်းရန်
ကြေညာချက် (၄/ ၂၀၀၄)

ရန်ကုန်မြို့ ၊ ၁၃၆၆ ခုနှစ်၊
ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်
(၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက် ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအနက်မှ ၂၀၀၄ခုနှစ် (အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ) လများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များ၊ လစ်လပ်သတ်မှတ်လုပ်ကွက်များ၊ လစ်လပ်ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ ပုဒ်မ–၁၂၊ ပုဒ်မ–၁၃၊ ပုဒ်မ–၁၅တို့နှင့်အညီ နိုင်ငံသား၊ပုဂ္ဂလိက၊ ကုမ္ပဏီအသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များထုတ်ပေးရေးဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာလုပ်ကွက်များအား ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်) အတွက် အာမခံစပေါ်ငွေ (DEPOSIT) ကျပ်တစ်သိန်း ပေးသွင်းရပါမည်။ အာမခံစပေါ်ငွေများအား ခွင့်ပြုမိန့်ထုတ်ပေးမည့် လုပ်ကွက်အတွက် အဆိုပြုငွေများ ပေးသွင်းရာတွင် အဆိုပြုငွေမှ ခုနှိမ်ပေးသွင်းခြင်း/ခွင့်ပြုမိန့်မရသူများအား ပြန်လည်ထုတ်ပေးခြင်း စသည်တို့အား ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာ တူးဖော်လုပ်ကိုင်လိုသည့် ကုမ္ပဏီများသည် သင်းဖွဲ့မှတ်တမ်းအရလည်းကောင်း၊ သမဝါယမအသင်းများသည် အသင်းစည်းကမ်းအရလည်းကောင်း၊ ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရှိရမည့်အပြင် ကုမ္ပဏီ၊ အသင်းသည် ရန်ကုန်မြို့၌ ရှိရပါမည်။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများ တင်ပြလျှောက်ထားနိုင်ပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ/အသင်းများအနေဖြင့် ခွင့်ပြုမိန့်ရရှိထားသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင် လွှဲပြောင်းခြင်း မပြုရန် သတ္တုတွင်းဝန်ကြီးဌာနမှ ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၉၉) အတိုင်း လိုက်နာဆောင်ရွက်ရမည့်အပြင် ကျောက်မျက်ရတနာ ထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ခွင့်ပြုမိန့်ရရှိသူများလိုက်နာရန် သတ္တုတွင်းဝန်ကြီးဌာနက ၂၀၀၄ ခုနှစ် မေလ ၁၂ ရက်တွင် ထုတ်ပြန်ကြေညာသည့် အမိန့်ကြော်ငြာစာအမှတ် ၈၅/၂၀၀၄ အတိုင်းလိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။

၄။ သတ်မှတ်လုပ်ကွက်နှင့်ဖော်ထုတ်လုပ်ကွက် တစ်ကွက်အတွက် မြေအကျယ်အဝန်းမှာ တစ်ဧကဖြစ်ပါသည်။ သို့ရာတွင် တူးဖော်ထုတ်လုပ်ပြီး သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်များ၊ တူးဖော်ထုတ်လုပ်ဆဲသတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များအနေဖြင့် တူးဖော်မှုနှင့်ရာသီဥတုကြောင့် လုပ်ကွက်နယ်မြေ အကျယ်အဝန်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေး လုပ်ငန်းကော်မတီက ညှိနှိုင်းဆုံးဖြတ်ခြင်းကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ သတ်မှတ်လုပ်ကွက်နှင့်ဖော်ထုတ်လုပ်ကွက်များအတွက် ခွင့်ပြုသက်တမ်းကာလမှာ (၃)နှစ်ဖြစ်ပြီး အနည်းဆုံးပေးသွင်းရမည့် အဆိုပြုငွေမှာကျပ် ၁၀ သိန်း ဖြစ်ပါသည်။ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်၍ အဆိုပြုလွှာ တင်သွင်းရာတွင် ပေးသွင်းမည့်အဆိုပြုငွေကို ဂဏန်းဖြင့်သာမကဘဲ စာသားဖြင့်ပါ တိတိကျကျ ဖော်ပြရမည်ဖြစ်ပါသည်။

၅။ မိမိတို့တူးဖော်လိုသည့် သတ်မှတ်လုပ်ကွက်နှင့်ဖော်ထုတ် လုပ်ကွက်များကို လုပ်ကိုင်မည့် ပုဂ္ဂိုလ်များကိုယ်တိုင် ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီးမှသာ လုပ်ကိုင်မည့်သူကိုယ်တိုင် လက်မှတ်ရေးထိုး၍ အဆိုပြုလွှာများတင်သွင်းရန် ဖြစ်ပါသည်။ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးနောက်မှ ကျောက်မျက် တူးဖော်ထုတ်လုပ်ရန် မြေမှန်မရှိခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးဖော်ပြ၍ ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့် နိုင်ငံတော်သို့ပေးသွင်းပြီးသော အဆိုပြုငွေများကို ပြန်လည်ထုတ်ပေးရန်၊ လုပ်ကွက်နေရာ ပြောင်းလဲပေးရန် တင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ပါ။ ၎င်းအပြင် အဆိုပြုလွှာများတင်သွင်းရာတွင် လုပ်ငန်းမှတ်ပုံတင်ခြင်း မရှိသည့်အဆိုပြုလွှာများနှင့် ပြည့်ပြည့်စုံစုံဖော်ပြခြင်းမပြုသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့်အဆိုပြုလွှာ ပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်–

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာများထုတ်ယူခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်မှစ၍ အမှတ် ၆၆၊ ကမ္ဘာအေးစေတီလမ်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများ ပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများ ထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာ တင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ–၂)နှင့်ပုံစံ(သမ–၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ(မကလ–၅)နှင့်ပူးတွဲပုံစံ(ဖထ–၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍၊ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင် ချိပ်ထိုးပြီး ၂၀၀၄ ခုနှစ် ဇူလိုင်လ ၂၀ ရက်မှ ၂၀၀၄ ခုနှစ် ဩဂုတ်လ ၁၈ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ အမှတ် ၆၆၊ ကမ္ဘာအေးစေတီလမ်း၊ရန်ကုန်မြို့တွင် သတ်မှတ် ချက်များနှင့်အညီ တင်သွင်းရပါမည်။

၇။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ ရန်ကုန်မြို့တွင် လည်းကောင်း၊ မိုးကုတ်နှင့်လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်း တူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့်မိုင်းရှူး/လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းစခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ။

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်စာရင်းရုံး
အခြေခံစာရင်းကိုင်သင်တန်း အမှတ်စဉ်(၂၁) တက်ရောက်ရန်
လျှောက်လွှာခေါ်ယူခြင်း

၁။ **သင်တန်းဖွင့်မည့်ရက်** – ၂၄–၇–၂၀၀၄

၂။ **သင်တန်းတည်နေရာ** – ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စာရင်းရုံး ပင်လုံလမ်း၊ မယက မှတ်တိုင်အနီး။

၃။ **သင်တန်းချိန်** – **တန်းခွဲ(က)** (စနေနေ့မှ တနင်္ဂနွေ) နံနက် ၇း၀၀ နာရီမှ ၁၂း၀၀ နာရီ။ **တန်းခွဲ(ခ)** (တနင်္လာမှ သောကြာ) နံနက် ၇း၀၀ နာရီမှ ၉း၀၀ နာရီ။

၄။ **သင်တန်းကာလ** – ၃ လ။

၅။ **အနိမ့်ဆုံးပညာအရည်အချင်း** – တက္ကသိုလ် ဝင်တန်းအောင်

၆။ **လက်ခံမည့်သင်တန်းသားဦးရေ**– တန်းခွဲတစ်ခု ၅၀ စီ။

၇။ **ဆက်သွယ်စုံစမ်းရန်** – ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စာရင်းရုံး၊ ဖုန်း–၅၈၄၂၀၇

ညွှန့်ညွှန့်လှိုင်
မြို့နယ်စာရင်းစစ်အရာရှိ။

ခရုသင်းခြောက်မျိုး အထူးကုသမားတော်ကြီး ဦးကျော်ဟိုး

ဆရာကြီး ဦးကျော်ဟိုးသည် သထုံမြို့ ဘင်လိုင်ရပ်မှ ရန်ကုန်သို့ ပြောင်းရွှေ့ပြီး မပျောက်ကင်းနိုင်သော ခရုသင်းခြောက်မျိုးနှင့် အတက်ရောဂါ၊ ဝက်ရူးပြန် ခုနစ်မျိုးတို့ကို ကုသပေးနေပြီဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဝေဒနာရှင်များ သိရှိရန် ကြေညာအပ်ပါသည်။

ယခုတစ်ဖန် နေရောင်လင်းဆေးတိုက်မှ နန္ဒင်းခါး၊ ဘုမ္မရာဇာ၊ ဆင်တုံးမနွယ်သုံးမျိုးဖြင့် သွေးတိုး၊ ဆီးချို၊ လေငန်းရောဂါတို့ကို ဖိတ်ခေါ်လိုက်ပါ သည်။ **ဥပုသ်နေ့ပိတ်သည်။**

နေရောင်လင်းဆေးတိုက် အမှတ် ၂၄၊ ၂ ဇင်ယော်လမ်း၊ ၁၄/၂ရပ်ကွက်၊ မြင်သာအိမ်ရာ(၂)၊ တ/ဥက္ကလာပ၊ ရန်ကုန်မြို့။

LIGHT YEAR EDUCATION CENTRE
ကလေးများအတွက် အင်္ဂလိပ်စာ

– GCE Courses – Grammar – Speaking

No-43 Ngwe La Yaung Road
U Chit Maung Lan Bahan Ph.544728
amy.aung@accamail.com

အမည်ပြောင်းလဲခေါ်ပါရန်

ရောဝတီတိုင်း ငပုတောမြို့နယ် ပြင်ခရိုင်ရွာ ဦးလှမင်း–ဒေါ်အေးပြုံး တို့၏သမီး အထက သတ္တမတန်းမှ မကျင်ကျင်စု အား မဝင်းနန္ဒာအောင် ဟု အမည်ပြောင်းလဲခေါ်ပါရန်။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့ နန်းတော်ရာရပ် အလင်းရောင် ၁ ရပ်ကွက် ၆–လမ်း အမှတ် ၁၅၆၀ နေ ဦးတင်အောင် ၇/ပခန(နိုင်)၀၇၉၆၅၀ ၏သား မောင်ကျော်ဆန်းသည် မိဘစကားကို နာယူခြင်းမရှိဘဲ မိမိဆန္ဒအလျောက် ပြုမူဆောင်ရွက်သွားပါသောကြောင့် ၁၂–၇–၂၀၀၄ ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)
ဦးတင်အောင် ၇/ပခန(နိုင်)၀၇၉၆၅၀

ဦးအောင်မြင့်(ခ)
ဦးကုလားရှေ
မင်းပြား
အသက် (၈၆)နှစ်

ရခိုင်ပြည်နယ် မင်းပြားမြို့ ဈေးဟောင်းပိုင်းရပ်ကွက် (ဦးအထွေး–ဒေါ်ကောင်းမေ)၏သားကြီး၊ (ဦးအဝိန်–ဒေါ်မမြ)၏သားသမက်၊ ဒေါ်သိန်းညွန့်၏ ခင်ပွန်း၊ (ဦးမောင်မြ)–ဒေါ်မသိန်းနု၊ (ဦးဘဖြူ – ဒေါ်မစိန်လှ) တို့၏ အစ်ကိုကြီး၊ (ဦးသိန်းဖေ)၊ ဦးသိန်းမြင့်–ဒေါ်ဦးစိန်ဖြူ၊ (ဦးသိန်းဓံ)– ဒေါ်သိန်းမေ၊ ဒေါ်သိန်းကြည်၊ ဦးကိုသိန်း–ဒေါ်ခင်စန်းတင့်၊ ဦးအေးသိန်း–ဒေါ်စုစုတင်၊ ဦးရွှေကျော်–ဒေါ်မနုလှ၊ ဦးစံသာ–ဒေါ်ဦးညွန့်စိန်၊ ဦးစံသိန်း–ဒေါ်စန်းစန်းဝေ၊ ဦးရွှေထွန်းကျော်–ဒေါ်သိန်းသိန်းဌေး၊ ဦးရွှေမန်းတင်–ဒေါ်နော်မြသိန်း တို့၏ဖခင်၊ မြေး ၃၀ယောက်၊ မြစ် ငါးယောက်တို့၏ အဘိုးသည် ၈–၇–၂၀၀၄ရက် (ကြာသပတေးနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်ပြီး ၁၀–၇–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် မင်းပြားသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးကျော်မင်း
လက်ထောက်ညွှန်ကြားရေးမှူး(ခရိုင်ဦးစီးမှူး)
စက်မှုလယ်ယာဦးစီးဌာန(ဟင်္သာတခရိုင်)
အသက် (၄၈) နှစ်

စက်မှုလယ်ယာဦးစီးဌာန ဟင်္သာတခရိုင် ဦးစီးမှူး ဦးကျော်မင်းသည် ၁၆–၇–၂၀၀၄ ရက်တွင် ကျောက်ဆည်မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တိုင်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများအားလုံး
စက်မှုလယ်ယာဦးစီးဌာန၊ ဧရာဝတီတိုင်း။

ဦးဝင်းဖေ
ညွန်ကြားရေးမှူး(ငြိမ်း)၊ဆည်မြောင်းဦးစီးဌာန ဥက္ကဋ္ဌ၊မင်းဘူးမြို့နယ်အသင်း
အသက်(၇၃)နှစ်

မင်းဘူးမြို့နေ (ရဲမှူးဦးဦးခိုင်-ဒေါ်ကြည်)တို့၏သား၊ မကွေးမြို့နေ (ဦးတင့်ယား-ဒေါ်လှခင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၅၆(က)၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်နေ ဒေါ်အေးအေး ချစ်လှစွာသော၏ခင်ပွန်း၊ ဒေါက်တာသက်ခိုင်ဝင်း(ရန်ကုန်ဆေးရုံကြီး)-ဒေါ်မာဝင်းခိုင်၊ ဦးဇော်ဝင်းခိုင်-ဒေါ်သန္တာ၊ ဦးထွန်းဝင်းခိုင်-ဒေါ်ဆွေဆွေမင်း၊ ဦးဟန်ဝင်းခိုင်-ဒေါ်ဇင်သီတာမြင့်တို့၏ချစ်လှစွာသောဖခင်၊ မေသိမ့်ခိုင်ဝင်း၊ မောင်သူထက်၊ အေးမြခိုင်၊ မောင်ဟန်ဇော်၊ ရဲရင့်ဝင်း၊ ဝင့်သီရိဝင်း၊ ကောင်းခန့်ခိုင်တို့၏ချစ်လှစွာသောအဘိုးသည် ၁၈-၇-၂၀၀၄ရက်(တနင်္ဂနွေနေ့) ည ၁၁း၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

ဦးဝင်းဖေ
ညွန်ကြားရေးမှူး(ငြိမ်း)၊ဆည်မြောင်းဦးစီးဌာန ဥက္ကဋ္ဌ၊မင်းဘူးမြို့နယ်အသင်း
အသက်(၇၃)နှစ်

မင်းဘူးမြို့နေ (ရဲမှူးဦးဦးခိုင်-ဒေါ်ကြည်)တို့၏စတုတ္ထသား၊ ဒေါ်စန်းရီ၊ (ဒုတိယဗိုလ်မှူးကြီးလှရွှေ)-ဒေါ်တင်နွဲ့၊ ဦးဝင်းမောင်(BAC၊ ငြိမ်း)-(ဒေါ်ခင်သန်းမြင့်)တို့၏ညီ/မောင်၊ ဦးကျော်ဝင်း-ဒေါ်မာမာလွင်၊ ဦးသန်းဌေး-ဒေါ်ခင်ထွေး၊ ဦးသိန်းထွန်း-ဒေါ်စမ်းမြ၊ ဗိုလ်မှူးသိန်းနိုင်(ငြိမ်း)(နယ်စပ်စည်ပင်၊ငြိမ်း)-ဒေါ်စန်းစန်းနိုင်၊ ဦးသက်ဝင်း-ဒေါ်မြင့်မြင့်ခိုင်၊ ဒေါက်တာဦးခင်ဇော်-ဒေါ်ဝင်းဝင်းခိုင်၊ ဦးမောင်မောင်အေး-ဒေါ်တင်တင်ဝင်းတို့၏ချစ်လှစွာသောအစ်ကိုကြီး၊ တူ တူမ ၃၄ ယောက်တို့၏ဘကြီးသည် ၁၈-၇-၂၀၀၄ရက်(တနင်္ဂနွေနေ့) ည ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

ဦးတင်လှသန်း (ရေးမြို့)
(မော်တင်လိန်းဂျက်ဆင်ကျောင်းသားဟောင်း) ဒုအထွေထွေမန်နေဂျာ(ငြိမ်း)၊မြန်မာ့သစ်လုပ်ငန်း
အသက်(၆၇)နှစ်

ရေးမြို့နေ (ဦးဘသန်း-ဒေါ်တင်မေ)တို့၏သားကြီး၊ မော်လမြိုင်မြို့နေ (ဦးသိန်းဖေ)-ဒေါ်ငွေရီတို့၏သားသမက်၊ (ဦးတင်ဖေ)-ဒေါ်ဌေးရှင်၊ ဦးအုပ်စိုး-ဒေါ်စိန်ဌေး၊ ဦးသန်းစိုး-ဒေါ်ညိုညို၊ ဦးဟိန်းအောင်-ဒေါ်ခင်ဆွေဝင်း၊ (ဦးအောင်နိုင်)-ဒေါ်မြင့်မြင့်အေး၊ ဦးသောင်းထိုက်-ဒေါ်မြင့်မြင့်ရီတို့၏ အစ်ကိုကြီး၊ ဦးဇေထွဋ်တင်-ဒေါ်နှစ်ဆန်းဦး၊ ဦးနေထွဋ်တင်-ဒေါ်နှင်းနှင်းယု၊ ဦးကျော်ထွဋ်တင်-ဒေါ်နီနီ၊ ဗိုလ်မှူးဝင်းမော်-ဒေါ်နေနွယ်တင်၊ ဗိုလ်ကြီးသန်းထွန်းဦး-ဒေါ်ကေသွယ်တင်တို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုး၊ အမှတ် ၆၊ (၃၄)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဒေါ်ခင်သိန်း(မော်လမြိုင်)၏ခင်ပွန်းသည် ၁၈-၇-၂၀၀၄ရက်(တနင်္ဂနွေနေ့)ည ၈း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၇-၂၀၀၄ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းဝင်း (အောင်လံ)
အသက်(၅၇)နှစ်

အောင်လံမြို့၊ စက်ရုံရပ်၊ ပြည်လမ်းနေ ဦးဝင်းသောင်း၏ဇနီး၊ ဦးကိုကိုနိုင်-ဒေါ်မေဦး၊ ရန်ကုန်မြို့၊ 3C၊ ယုဇနလမ်း၊ အေးရိပ်မွန်၊ လှိုင်မြို့နယ်နေ ဦးစိုးပိုင်-ဒေါ်ခင်မြတ်ဆွေ(Paing Family International Co.,Ltd.)တို့၏ မိခင်၊ မနှင်းယုဝေ၊ မောင်ငြိမ်းချမ်း၊ မရွှေရည်ရွှန်းမြတ်၊ မောင်ခန့်ပိုင်စိုးတို့၏ အဘွားသည် ၁၉-၇-၂၀၀၄ရက် နံနက် ၁၀း၁၅နာရီတွင် ပြည်မြို့ လောကပါလ ဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၀၄ရက် ညနေ ၃ နာရီတွင် အောင်လံမြို့၊ စက်ရုံရပ်၊ ပြည်လမ်းနေအိမ်မှ အောင်လံမြို့ အလယ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါက်တာမောင်မောင်မင်းညို
(B.V.S) (လားရှိုး) ခြံမန်နေဂျာ၊ အမှတ်(၃)ယူနစ် မွေးမြူရေးခြံ (ရွာသာကြီး) မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း
အသက်(၄၉)နှစ်

လားရှိုးမြို့၊ (၂)ရပ်ကွက်၊ ပန်းမြိုင်ဂေဟာနေ(ရွှေကုန်သည် ဦးညို-ဒေါ်မြသိန်း)တို့၏သား၊(ဦးလှပြုံးချို)-ဒေါ်နန်းထွေးစိန်(ပန်းမြိုင်ရွှေဆိုင်-၁)၊ ဦးထွန်းထွန်းနိုင်-(ဒေါ်နန်းအေးကျင်) (ရွှေပွင့်မြိုင်ရွှေဆိုင်)၊ဦးဝင်းဇော်-ဒေါ်စန်းစန်းနွဲ့(ပန်းမြိုင်ရွှေဆိုင်-၂)၊ ဦးရွှေသာ(ဦးစီးအရာရှိ၊ လဝက၊ ငြိမ်း)-ဒေါ်ဌေးဌေးသာ (ပန်းမြိုင် ရွှေဆိုင်-၃)တို့၏ ညီ/မောင်၊ ဒေါ်အောလစ်ညို (ကထိက၊ လားရှိုးကောလိပ်)၊ ဦးသန်းနိုင်-ဒေါ်နန်းဆိုင်ထွမ်း(ပန်းမြိုင်ရွှေဆိုင်-၄)၊ (ဦးကျော်ဝင်း) - ဒေါ်သီတာကြည် (ပန်းမြိုင်ရွှေဆိုင်-၅)တို့၏အစ်ကို၊ ပေါက်ခေါင်းမြို့၊ (၃)ရပ်ကွက်နေ (ဦးကြွေ-ဒေါ်ခင်ညွန့်)တို့၏သားသမက်၊ မြင်းခြံမြို့နေ (ဦးတင်လှိုင်) (လက်ထောက် မန်နေဂျာ၊ မြန်မာ့ရေနံဓာတု) - ဒေါ်မြင့်မြင့်ဆွေ (အလက-၁၊ မြင်းခြံ)၊ ဦးတင်ဝင်း-ဒေါ်ခင်ခင်ကြိုင် (လိုင်စင်ရ အပေါင်ဆိုင်-၂)၊ ဦးတင်ထွန်း-ဒေါ်ဖြူဖြူဝင်း (အမှတ်-၄၊ ရေနံနှင့်ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး)၊ ဦးထွန်းအောင်(စက်မှုလယ်ယာ၊ငြိမ်း)၊ဦးလှဝေ-ဒေါ်မူမူစန်း (အမှတ်-၃၊ ရေနံနှင့်ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး)တို့၏ညီ/မောင်၊ ဒေါ်မာမာဆွေ(သူနာပြု၊ ရန်ကုန်ဆေးရုံကြီး)၏ခင်ပွန်းသည် ၁၇-၇-၂၀၀၄ရက် (စနေနေ့)တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။(ရွာသာကြီးမှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသောင်းဌေး
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) စာရင်းစစ်ချုပ်ရုံး
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ ကောလိယ ၃၁ လမ်း၊ အမှတ် ၃၄၃ နေ (ဦးဘဆိုင်-ဒေါ်ကြွေ)-ဒေါ်လှဘီ တို့၏ သား၊ (ဒုတိယဗိုလ်မှူးကြီးတင်မြင့်)-ဒေါ်ရင်မေတို့၏တူ၊ (ဦးသန်းရင်-ဒေါ်မြသီ)တို့၏သားသမက်၊ ဒေါ်ဝင်းကြည်၏ ခင်ပွန်း၊ မချိုမာဌေး၊ (ကိုကျော်ဝင်းဌေး)၊ ကိုနေမျိုးထွန်း-မနှင်းနှင်းဌေး(လဝက)၊ မတင်မိုးဌေး (တက်နေကုမ္ပဏီ)တို့၏ ဖခင်သည် ၁၈-၇-၂၀၀၄ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ၃နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ထွေးညွန့် (မြိတ်)
အသက်(၆၉)နှစ်

မြိတ်မြို့၊ ထားဝယ်စုရပ်၊ Bလမ်းနှင့် မြိတ်မြို့၊ တောရပ်ကျောင်းရပ်နေ ဦးယုလွင်၏ဇနီး၊ ဦးအော်စိန်-ဒေါ်မိမိလွင်၊ ဒေါ်စီစီလွင်၊ ဦးဝင်းနိုင်-ဒေါ်စိုးစိုးခိုင်၊ ဦးကျော်နိုင်၊ ဦးအောင်မွန်-ဒေါ်လီလီမြင့်၊ ဦးစန်းကိုကိုတို့၏မိခင်၊ မောင်ဇော်ဦးလွင်(မြိတ်တက္ကသိုလ်)၊ မောင်အောင်ကျော်မိုး (မြိတ်တက္ကသိုလ်)၊ မောင်မျိုးကျော်ဟန်(မြိတ်တက္ကသိုလ်)၊ မောင်ဖြိုးကျော်ဟန်(VIIA, T.T.C)၊ မချောစုမွန်(IVI, T.T.C)၊မနှင်းယုယအောင်(IIB, T.T.C)၊ မအိမွန်ကို (အမက၊ မြစ်ငယ်)၊ မငုဝါပွင့်၊မောင်ခန့်ထူးဇော်တို့၏အဘွားသည် ၁၈-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁း၁၅နာရီတွင်ကွယ်လွန်သွားပါ၍ ၂၀-၇-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် တောရပ်ကျောင်းနေအိမ်မှ ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တင် (ကျုံမငေးမြို့)
အသက်(၉၃)နှစ်

မရမ်းကုန်းမြို့နယ်၊စော်ဘွားကြီးကုန်း၊အရာရှိကြီးများအဆောင်၊တိုက် ၁၊ အခန်း ၆ နေ (ဦးစိန်ကြည်)၏ဇနီး၊ (ဒေါ်ကြည်)၊ ဦးပါကြီး-ဒေါ်ရီရီ၊ (ဦးလှသန်း)-ဒေါ်နွဲ့နွဲ့ကြည်၊ ဗိုလ်မှူးကြီးမြင့်ကြိုင်-ဒေါ်နန်းစိုးယဉ်မြင့်တို့၏ မိခင်၊ မြေး ၁၂ ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၁၉-၇-၂၀၀၄ရက် (တနင်္လာနေ့) ၁း၁၅ နာရီတွင်ကွယ်လွန်သွားပါ၍ ၂၁-၇-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (စော်ဘွားကြီးကုန်း နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ညွှာညွှာ (ဒိုက်ဦး)
အသက်(၉၀)

ဒိုက်ဦးမြို့၊ ဘုရင့်နောင်လမ်းနေ(ဦးရှင်-ဒေါ်မမကြီး)တို့၏သမီးထွေး၊ (ဦးချိန်တိတ်)(အမိန့်တော်ရရှေ့နေ)၏ဇနီး၊ ဗိုလ်မှူးကြီးမင်းဆွေ(ငြိမ်း၊ဦးဆောင်ညွှန်ကြားရေးမှူး၊မြန်မာ့မီးရထား)-ဒေါ်မြင့်မြင့်သန်း၊ ဗိုလ်မှူးကြီးဝင်းမြင့်(ဒုတိယတိုင်းမှူး၊ ရပခ)-ဒေါ်နွယ်နီဝင်း၊ ဒေါက်တာအောင်ကျော်မြင့်(အရိုးအထူးကု၊ ကျိုက်တုံပြည်သူ့ဆေးရုံကြီး)-ဒေါက်တာမြမြဝင်း(မုံရွာ)တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၁၈-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့)ည ၉း၃၅ နာရီတွင် ဆာကူရာဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၀၄ရက်(အင်္ဂါနေ့) ညနေ ၅း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အမှတ် ၈၃၊ ဗဟိုလမ်း၊ အလုံမြို့နယ်နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
သုခမ္မမဏိဇောတဓရ ဦးထွန်းဝ (တောင်ကြီး)
အသက်(၉၁)နှစ်

သူငယ်ချင်း ကိုမြင့်အောင်-မစည်စည်ထွေးတို့၏ဖခင်ဖြစ်သူ ဦးထွန်းဝသည် ၁၃-၇-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆန်း-ကျော့၊ ချစ်-ပဲ၊
ဝေ-သစ်၊အောင်-ခါ၊
မိုး-မာ၊ သိန်း-သီ၊
ကျော်-သက်၊ မိုး-လေး၊
သက်-ဝေ၊
တန်၊ ဦး၊ ဆင့်ဝေ။

လီကွေ့ရင်း(ခ)ဒေါ်အမွှေး
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၁၊ သရဖီလမ်းနှင့် အမှတ် ၈၊ အာသာဝတီလမ်း၊ အလုံမြို့နယ်နေ(လီခိုင်းထုံး-ဒေါ်မြပွင့်)တို့၏သမီးကြီး၊(တန်နန်ချောင်း-လူချူးလန်)တို့၏သမီးချွေးမ၊ [တန်ကြူဖီး(ခ)ဦးကျော်ဝင်း]၏ဇနီး၊ ချူစေ့လျောင်း-Dr.တင်မေလှ၊ မောင်ဝင်းလှိုင်၊ မယဉ်ယဉ်လှ၊ မပုလဲမေတို့၏မိခင်သည် ၁၆-၇-၂၀၀၄ရက်(သောကြာနေ့)တွင် အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၀-၇-၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၈၊ အာသာဝတီလမ်း၊ အလုံမြို့နယ် နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သထာညို (နတ်မြစ်၊စစ်တွေ)
အသက်(၆၇)နှစ်

စစ်တွေမြို့ (ဦးရွှေဇံဦး-ဒေါ်သာပွင့်)တို့၏သမီး၊ (ဦးဘဦး-ဒေါ်စိန်ကျော့)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ် ၈၉၂၊ မိဂသီ ၁၈ လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ(ဦးဘသိန်း)၏ဇနီး၊ဦးသိန်းဦး-ဒေါ်နှင်းအေး၊ ဦးအေးမင်း-ဒေါ်ခင်အေး၊ ဦးစန်းယု၊ ဦးအောင်ထွေး-ဒေါ်စန်းစန်းမေတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၁၉-၇-၂၀၀၄ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မင်းလွင်ဦး(ခ)ကိုမောင်လေး
အသက်(၃၈)နှစ်

ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ ရွာလွတ်ရွာနေ (ဦးအုံးဖေ-ဒေါ်သောခင်)တို့၏မြေး၊ ဦးကိုကို-ဒေါ်မြစိန်တို့၏သား၊ ဒေါ်မြင့်မြင့်သီ၊ ဒေါ်တင်တင်လွင်တို့၏မောင်၊ မောင်ဝင်းကိုကို(မောင်လေး၊ ဘော်ဒီရုံ)၏အစ်ကို၊ ၁၄/၂၀၊ သံလွင်လမ်း၊ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ(ဦးစိုးတင့်)-ဒေါ်အုံးမြင့်တို့၏သားသမက်၊ မမြင့်မြင့်စိုး (ငါးလုပ်ငန်းဦးစီးဌာန)၏ခင်ပွန်း၊ဖိုးလပြည့်၏ဖခင်သည် ၁၉-၇-၂၀၀၄ရက် နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၇-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (သံလွင်လမ်းနေအိမ်မှမွန်းလွဲ၁၂း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်အေးမြင့်(ခ)မနို
အသက်(၆၀)

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၁၀၊ ၁၂၁ လမ်းနေ (ဦးသန်း-ဒေါ်ရီ)တို့၏သမီးကြီး၊ ဗိုလ်မှူးအေးကြည်(ငြိမ်း)၏ဇနီး၊ကိုကျော်သူရအောင်(B.E Mechanical)၏မိခင်၊ ဦးဌေးဝင်း-ဒေါ်ခင်နှင်းမြင့်၊ ဦးရဲမောင်-ဒေါ်ခင်လေးမြင့်၊ ဦးဖေသန်းညွန့်-ဒေါ်ခင်စန်းဝေ၊ ဒေါ်ဥမ္မာသန်း၊ (ဦးဖေသန်းဌေး)-ဒေါ်မြင့်မြင့်သန်း၊ ဒေါ်သီတာသန်း၊ ဦးဖေသန်းအေး၊ ဦးဖေသန်းတိုး-ဒေါ်အေးအေးမာတို့၏အစ်မကြီးသည် ၁၉-၇-၂၀၀၄ရက် နံနက် ၆း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၁-၇-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတင်ဝင်း(ခ)ကိုပေါက်စ
(မအူကုန်း)
အသက်(၄၈)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက် ၁၂၊ အခန်း ၆ နေ ဦးမြအေး-ဒေါ်မြမြတို့၏သား၊ (ဦးခင်မောင်သန်း - ဒေါ်ရင်စိန်)တို့၏ သားသမက်၊ ဒေါ်သီတာသန်း၏ခင်ပွန်း၊ မအေးမိအောင် (Phy: 2nd၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ မအေးသီတာအောင်[(Grade II-A) အထက-၃၊ မင်္ဂလာတောင်ညွန့်]တို့၏ဖခင်၊ ဦးခင်ဝင်း-ဒေါ်မြင့်မြင့်သန်း၊ ဦးမြင့်ဝင်း-ဒေါ်ခင်မိမိတို့၏ညီ၊ ဦးမျိုးဝင်း-ဒေါ်နုနု၊ ဦးဝင်းမော်၊ ဦးစိုးဝင်းဦး-ဒေါ်သက်သက်လွင်၊ ဦးကြည်စိုးဦး-ဒေါ်စိုးစိုးဝေတို့၏အစ်ကို၊ တူ တူမ ၁၁ ယောက်တို့၏ဘကြီးသည် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ၁၈-၇-၂၀၀၄ရက်(တနင်္ဂနွေနေ့)ည ၁၀း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၇-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုတင်ကျော်ဦး
(စစ်တွေကိုယ်ပွားသတင်းစာတိုက်)
အသက်(၂၉)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၂၅၊ ဓမ္မာသုခလမ်းနေ ဦးကျော်သိန်း-ဒေါ်တင်တင်ညွန့်တို့၏ သား၊ ကိုမျိုးလှိုင်-မသဲမာတို့၏ အစ်ကိုသည် စစ်တွေမြို့၌ ၁၉-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးထွန်းလွင်
(Mr.George-H.Stiles) ယခင် ကုန်သွယ်ရေး (ဆောက်/လျှပ်၊ငြိမ်း)
အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊အမှတ်(၂)ရပ်ကွက်၊ တိုက် ၂၇၅၊ အခန်း ၁၂၊ အရှေ့ရန်ကင်းနေ ဒေါ်စိန်ဟန်(ဆရာမ၊ ငြိမ်း၊ အထက-၆၊ ဗိုလ်တထောင်၊ စိန်ပေါလ်)၏ခင်ပွန်း၊ ဦးသန့်ဇင်(ဒု-အင်/ချုပ်၊ဗိသုကာ၊ပဆင)-ဒေါက်တာဒေါ်ခင်မာဆွေ၊ ဦးမျိုးလွင်-ဒေါ်ခင်မျိုးဆင့်(အထက-၂၊စမ်းချောင်း)တို့၏ဖခင်၊ မောင်ကျော်သန့်ဇင်၊ မောင်ဇေယျာမျိုးလွင်၊မောင်ဖြိုးဗိုလ်ဗိုလ်တို့၏အဘိုးသည် ၁၉-၇-၂၀၀၄ရက် နံနက် ၉း၃၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၇-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် St.Jude's ဘုရားကျောင်း(ရန်ကင်း)၌ ဝတ်ပြု၍ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(ရန်ကင်းနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စိန်
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်တောင်ရပ်ကွက်၊ ဝေဠုဝန်လမ်းကျယ်၊ အမှတ် ၅၆ နေ (ဦးကျော်စိန်)၏ဇနီး၊ (ဦးမင်းအောင်)-ဒေါ်မြင့်မြင့်နွယ်၊ ဦးအောင်ချို(တရားရုံးချုပ်ရှေ့နေ)-ဒေါ်ဌေးရီ (အမက-၁၈၊ သာကေတ)၊ (ဦးလှိုင်မြင့်)၊ ဦးခင်မောင်ညို-ဒေါ်အေးအေးဦး (အမက-၁၀၊ ကြည့်မြင်တိုင်)၊ ဦးစိုးလှိုင်-ဒေါ်သင်းသင်းဇင်(အထက-၂၊ စမ်းချောင်း)၊ ဦးဉာဏ်ဝင်း(PPE)-ဒေါ်ခင်စမ်းမြင့် (PPE ၊ ရုံးချုပ်)တို့၏မိခင်ကြီး၊ မြေး ၁၀ယောက်တို့၏အဘွားသည် ၁၈-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၀၄ရက်(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးဘထိုင် (ထားဝယ်)
(သန်းသန်း ဟင်းမွှေးမဆလာ၊ သရက်သီးသနပ်)
အသက်(၇၂)နှစ်

ထားဝယ်မြို့နေ (ဦးအောင်ဝိုင်ဆင်-ဒေါ်ရှင်မေ)တို့၏သား၊ မြိတ်မြို့နေ (ဦးသင်းအောင်-ဒေါ်ထုပ်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၃၅၁ (မြေညီထပ်)နေ (ဒေါ်စောနု)၏ခင်ပွန်း၊ (ဦးမြင့်ဦး)၊ ဒေါ်သန်းသန်းယု-ဦးမြင့်သန်း၊ ဦးတင်မျိုး၊ ဦးအောင်မျိုး-ဒေါ်ခင်နှင်းစုတို့၏ဖခင်၊ မခရူပါထိုင်၊ မယွန်းဒီပါထိုင်၊ မပိုးစန္ဒာခင်၊ မသီဂီမေလင်းတို့၏အဘိုးသည် ၁၈-၇-၂၀၀၄ရက်(တနင်္ဂနွေနေ့)ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၃၅၁၊ မဟာဗန္ဓုလလမ်း၊ ၂၉ လမ်းထိပ် နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသောင်းဌေး
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) စာရင်းစစ်ချုပ်ရုံး
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ ကောလိယ ၃၁ လမ်း၊ အမှတ် ၃၄၃ နေ (ဦးဘဆိုင်-ဒေါ်ကြွေ)-ဒေါ်လှဘီ တို့၏ သား၊ (ဒုတိယဗိုလ်မှူးကြီးတင်မြင့်)- ဒေါ်ရင်မေတို့၏တူ၊ (ဦးသန်းရင်-ဒေါ်မြသီ)တို့၏ သားသမက်၊ ဒေါ်ဝင်းကြည်၏ ခင်ပွန်း၊ ဦးသန်းဌေး-ဒေါ်ခင်မျိုးတင့်၊ (ဦးသိန်းဌေး)- ဒေါ်ခင်မြင့်စန်း တို့၏ညီ၊ (ဗိုလ်မှူးမြတ်ဌေး)- ဒေါ်နုနုရီ၊ ဦးတင်ဌေး-(ဒေါ်သန်းသန်းဆင့်)၊ ဦးမောင်ဒွေး-ဒေါ်ခင်ခင်ဌေး၊ ဦးမြင့်ဝင်း-ဒေါ်ရင်ရင်ဌေး၊ ဗိုလ်မှူးဝင်းဌေး-ဒေါ်လီလီစိုး၊ ဦးနေဝင်း-ဒေါ်မာမာသိန်း၊ ဒေါ်မြင့်မြင့်စိုး၊ ဒေါက်တာမြင့်မြင့်ငြိမ်း (ဆေးတက္ကသိုလ်-၂)၊ ဦးကြည်ဌေး-ဒေါ်ခင်သန်းတင့်တို့၏အစ်ကိုသည် ၁၈-၇-၂၀၀၄ရက်(တနင်္ဂနွေနေ့) ညနေ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော်ဦးကုမာရ (မလှိုင်)
သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါ

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ကမ္ဘာအေးစေတီလမ်း၊ အမှတ် ၅၅(က)၊ ချမ်းမြေ့ရိပ်သာကျောင်း၌သီတင်းသုံးသော မလှိုင်ဆရာတော် ဦးကုမာရသည် ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလဆန်း ၃ ရက် (၁၉-၇-၂၀၀၄ရက်) တနင်္လာနေ့ မွန်းလွဲ ၁၂း၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလဆန်း ၅ ရက် (၂၁-၇-၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ ညနေ ၄း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနကျင်းပမည်ဖြစ်ပါသည်။ (ချမ်းမြေ့ရိပ်သာကျောင်းမှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ချမ်းမြေ့ရိပ်သာကျောင်းသံဃာတော်များ၊
တပည့်ဒါယကာ၊ဒါယိကာမများနှင့်ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့။

စီဂျင်တီ(ခ)ဒေါ်ရင်တီ
အသက်(၈၉)နှစ်

ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ အမှတ် ၄၇၊ကျောင်းလမ်း၊ စော/တောင်ရပ်ကွက်နေ (ဦးတွတ်နီ)၏ဇနီး၊ ဒေါ်ရင်ရင်(ခ)ဒေါ်လွမ်း၊ ဦးမြ၊ ဒေါ်ခင်ခင်-ဦးသိန်းမောင်၊ (ဒေါ်အေးရီ-ဦးထိန်ဝါ)၊ ဦးမျိုးလွင်-ဒေါ်သန်းသန်းအေးတို့၏ မိခင်၊ မြေး ၂၆ ယောက်၊ မြစ် ၁၃ ယောက်တို့၏အဘွားသည် ၁၉-၇-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါက်တာဦးကြည်ဝင်း (ပုသိမ်)
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၇(ခ)၊ မာလာမြိုင်လမ်း၊ ပြည်သာယာရိပ်သာ၊ ဘောက်ထော်၊(၁၆)ရပ်ကွက်၊ရန်ကင်းမြို့နယ်နေ(ဦးကင်းဆင်)-ဒေါ်ဝင်းစိန်တို့၏သားကြီး၊ ဒေါ်ကျင်မြ၊ ဒေါ်ညွန့်ဝေတို့၏တူ၊ ဒေါ်ဖြူဖြူဝင်း(ဒုညွှန်မှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း)၊ဦးဉာဏ်ထွန်း-ဒေါ်နွယ်နွယ်ဝင်း၊ဒေါက်တာဦးမျိုးဝင်း (နှလုံးအထူးကု၊ရန်ကုန်ဆေးရုံကြီး)-ဒေါက်တာဆွေဆွေသက်(အထူးကု)၊ ဦးထွန်းထွန်းလှိုင်-ဒေါက်တာ ဒေါ်အေးအေးဝင်း၊ ဦးမျိုးသန့်တို့၏ အစ်ကို၊ဦးစိုင်းဘဌေး-ဒေါ်ဝင်းသန္တာ (Total Myanmar)၊ ဒေါက်တာဇော်ဝင်းသန့်- ဒေါက်တာဝင်းနွယ်နီတို့၏ဖခင်သည် ၁၉-၇-၂၀၀၄ရက် ညနေ ၅ နာရီတွင်ကွယ်လွန်သွားပါ၍ ၂၁-၇-၂၀၀၄ရက် နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းစိန် (အလုံ)
အသက်(၆၁)နှစ်

ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ်၊ အဖျောက်ကျေးရွာနေ (ဦးရွှေဘော်-ဒေါ်တင်)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးသုခ-ဒေါ်ချော)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ သရဖီလမ်း၊ အမှတ် ၂၇ (ခြောက်လွှာ)နေ(ဦးထွန်းထွန်း)၏ဇနီး၊ ကိုမောင်မောင်(2/0,Univam Shipping Co.) - မမျိုးသီတာ (ရေအားလျှပ်စစ်ဦးစီးဌာန)၊ ကိုဇော်မင်း(Chief Cook, Star Shipping Co.)- မညိုညို(ဆည်မြောင်းဦးစီးဌာန၊ရုံးချုပ်)၊ ကိုနိုင်ဝင်းသန့်-မစပါယ်တို့၏ မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၈-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတင်ဝင်း(ခ)ကိုပေါက်စ
(မအူကုန်း)
အသက်(၄၈)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက် ၁၂၊ အခန်း ၆ နေ (ဦးခင်မောင်သန်း-ဒေါ်ရင်စိန်)တို့၏သားသမက်၊ ဦးမြအေး-ဒေါ်မြမြတို့၏သား၊ ဒေါ်သီတာသန်း၏ခင်ပွန်း၊ မအေးမိအောင် (Phy: 2nd)၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ မအေးသီတာအောင် [(Grade II-A)၊ အထက-၃၊ မင်္ဂလာတောင်ညွန့်]တို့၏ဖခင်၊ ဦးခင်ဝင်း-ဒေါ်မြင့်မြင့်သန်း၊ ဦးမြင့်ဝင်း-ဒေါ်ခင်မိမိတို့၏ညီ၊ ဦးမျိုးဝင်း-ဒေါ်နုနု၊ ဦးဝင်းမော်၊ ဦးစိုးဝင်းဦး-ဒေါ်သက်သက်လွင်၊ ဦးကြည်စိုးဦး-ဒေါ်စိုးစိုးဝေတို့၏အစ်ကို၊ တူ တူမ ၁၁ ယောက်တို့၏ဘကြီးသည် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ၁၈-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၁၀း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၇-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးတင်အောင်
ခိုင်ဆန်းရာဘာဆန်စက်ဘရိတ်တုံး
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ စက်မှုဇုန်(၈)ရပ်ကွက်၊ ၆ လမ်း၊ အမှတ် ၃ နေ (ဦးထွေးရှ-ဒေါ်ကျင်မြိုင်)တို့၏သားကြီး၊(ဦးအလီ-ဒေါ်ကျင်ဝှက်)တို့၏သားသမက်၊ (ဒေါ်ရှုရင်)၏ခင်ပွန်း၊ ဒေါ်တင်တင်-(ဦးထျုန်ဟုန်း)၊ (ဒေါ်နှင်းမြ-ဦးစိန်)၊ (ဦးကြင်)-ဒေါ်ကျင်လှ၊ ဒေါ်မြင့်ကြည်-(ဦးရွှေတုံး)၊ ဒေါ်ခင်မိုးကြည်-(ဦးချွမ်း)တို့၏အစ်ကို/မောင်၊ ဦးယဉ်အောင်(ခိုင်ဆန်းရော်ဘာလုပ်ငန်း) ဒေါ်အေးသန္တာလွင်တို့၏ဖခင်ကြီး၊ ခိုင်မြတ်နွယ်(Pre II၊ I.L.B.C)၊ ပန်းအိဇင်တို့၏အဘိုးသည် ၁၉-၇-၂၀၀၄ရက် မွန်းလွဲ ၂း၅၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၁-၇-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးညိုမောင်
(မိဘမေတ္တာ သစ်ခွဲစက်)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ စက်မှုဇုန်(၈)ရပ်ကွက်၊ ၂ လမ်း၊ အမှတ် ၁၁၅နေ (ဦးပန်းသာ-ဒေါ်ပု)တို့၏ သား၊ (ဦးအေးမောင်-ဒေါ်ထွေး)တို့၏ သားသမက်၊ ဒေါ်ခင်ရွှေ၏ခင်ပွန်း၊ (ဦးထွန်းဝေ-ဒေါ်တင်ဥ)၊ ဦးအေးမောင်-ဒေါ်ယဉ်နု၊ (ဦးလှမိုး)-ဒေါ်တင်သန်းတို့၏ ညီ/မောင်၊ ဦးဖုန်းကျော်-ဒေါ်ဝင်းဝင်းနွဲ့၊ ဦးကျော်မြင့်-ဒေါ်ကြည်ကြည်စိန်၊ ဒေါ်အုန်းကြည်၊ ဦးသိန်းအောင်-ဒေါ်သွယ်သွယ်သန်း၊ ဦးသန်းထွန်း -ဒေါ်ပပဆန်း၊ ဒေါ်သန်းသန်းဝင်း၊ ဦးစိုးသန်း-ဒေါ်စန္ဒာမြင့်တို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏အဘိုးသည် ရန်ကုန်မြို့ သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ ၁၈-၇-၂၀၀၄ရက် မွန်းလွဲ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၇-၂၀၀၄ရက် ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
ဦးဝင်းဖေ (နာယက)
ညွှန်ကြားရေးမှူး(အငြိမ်းစား)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၅၆/က၊အင်းလျားမြိုင်လမ်း၊ရွှေတောင်ကြား(၁)ရပ်ကွက်နေ ဒေါ်အေးအေး၏ ခင်ပွန်း ဦးဝင်းဖေ (ရာသက်ပန်အသင်းဝင်အမှတ်-၂၂)သည် ၁၈-၇-၂၀၀၄ရက် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၀၄ ရက် ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။အသင်းဝင်များပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့။

ဦးအေးသွင် (ပြည်)
ဦးစီးမှူး(ငြိမ်း)၊မြန်မာ့ရုပ်ရှင်လုပ်ငန်း
အသက်(၆၃)နှစ်

ပြည်မြို့၊ ရွာဘဲရပ်၊ ဗိုလ်ချုပ်လမ်းနေ (ဦးသံဒိုင်)-ဒေါ်ငွေရီတို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၁၆၁၊ ဗိုလ်ဆွန်ပက်လမ်း (လယ်)နေ ဆရာမ ဒေါ်အေးမြင့်ကြည် (ငြိမ်း၊ အထက-၂၊ ပန်းဘဲတန်း)၏ ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးညွန့်ဆွေ-ဒေါက်တာဒေါ်မိုးမိုးမြတ်၊ မောင်အောင်ဇော်အေးသွင် (MT M Ship Management Co., Ltd.)၊ မမဖြူအေး (Golden Land Travel Co.,Ltd.) တို့၏ဖခင်၊ဦးသက်ညွန့်-ဒေါ်ခင်ဥတို့၏ ညီ၊ ဒေါ်ခင်အေးမူ၊ ဒေါ်ခင်အေးကြူ၊ ဒေါ်ဖြူဖြူတို့၏အစ်ကို၊မောင်လင်းထက်ဆွေ၊ မအေးမြတ်ဆွေတို့၏အဘိုးသည် ၁၉-၇-၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၇-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃ နာရီတွင် ပြည်မြို့ကန်သာဦးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488



(၅၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား အာဇာနည်နေ့ကျင်းပရေးကော်မတီဥက္ကဋ္ဌ လွမ်းသူ့ပန်းခွေချအလေးပြု

ရန်ကုန် ဇူလိုင် ၁၉

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အာဇာနည်ဗိမာန်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက်၍ နိုင်ငံတော်အလံကို အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချခြင်း၊ အလေးပြုခြင်း၊ မေတ္တာပို့အမျှပေးဝေခြင်းများ ပြုလုပ်ကြသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ (၅၇)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေး အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူးများ၊ တပ်မတော်(ကြည်း၊ရေ၊လေ)မှ အရာရှိကြီးများ၊ ဂုဏ်ပြုတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့မှ အရာရှိကြီးများ တက်ရောက်ကြသည်။

အစီအစဉ်အရ (၅၇)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် နံနက် ၇ နာရီ ၅၅ မိနစ်တွင် အာဇာနည်ဗိမာန်သို့ မော်တော်ယာဉ်ဖြင့်ရောက်ရှိလာရာ (၅၇)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေး အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က အာဇာနည်ဗိမာန်ရင်ပြင်ပေါ်သို့ ကြိုဆိုလာသည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ကြည်အောင်နှင့်အတူ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ်ဦးအေးမောင်၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်တို့သည် ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ဂူဗိမာန်ရှေ့၌ နေရာယူကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများ အားလုံးက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ပန်းခွေချအလေးပြု

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌကိုယ်စား ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့်အတူ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်တို့က ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် *စာမျက်နှာ ၁၁ ကော်လံ ၁* ■

လွမ်းသူ့ပန်းခွေချ အလေးပြု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ တရားသူကြီးချုပ်ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်နှင့် စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်တို့က အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်တွင် လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။

(မြန်မာ့အလင်း)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဗီယက်နမ်အမျိုးသားပြည်သူ့လွှတ်တော်မှ လူမှုရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၉

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်အမျိုးသားပြည်သူ့လွှတ်တော်မှ လူမှုရေးကော်မတီဥက္ကဋ္ဌ မစ္စစ်ငုယင်သီဟိုင်သူ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင်ရန်ကုန်မြို့မှလေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

မစ္စစ်ငုယင်သီဟိုင်သူနှင့် ကိုယ်စားလှယ်အဖွဲ့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဖန်ကွမ်ခွန်နှင့် သံရုံးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်

မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၉-၇-၂၀၀၄

ကမ္ဘာအေး	၁ ဒသမ ၁၈ လက်မ
မင်္ဂလာဒုံ	၁ ဒသမ ၀၂ လက်မ
ရန်ကုန်မြို့လယ်	၀ ဒသမ ၇၅ လက်မ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

လကမ္ဘာပေါ်၌လူသားတို့ ခြေချမှု

လကမ္ဘာပေါ်၌ လူသားတို့ ပထမဆုံးခြေချနိုင်ခဲ့ကြသည်မှာ ၂၀၀၄ခုနှစ် ဇူလိုင်၁၆ ရက်နေ့သည် (၃၅)နှစ် ပြည့်မြောက်သည့်နေ့ဖြစ်သည်။ ၁၉၆၉ခုနှစ် ဇူလိုင် ၁၆ ရက်၌ ဖလော်ရီဒါပြည်နယ်ရှိ ကနေဒီအာကာသလွှတ်တင်ရေးစခန်းမှနေ၍ အပိုလို-၁၁ စေတန်-၅ အာကာသယာဉ်ကို လကမ္ဘာသို့လွှတ်တင်ခဲ့ရာ အာကာသယာဉ်မှူးများဖြစ်ကြသော နီးလ်အမ်းစထရောင်း၊ မိုက်ကယ်လ်ကောလင်းနှင့် အက်ဒ်ဝင်အီးအယ်လ်ဒရင်းဂျူနီယာတို့ လိုက်ပါခဲ့ကြသည်။ **(ယာပုံ)**

၁၉၆၉ခုနှစ် ဇူလိုင်၂၀ရက်၌ ရိုက်ကူးခဲ့သောပုံဖြစ်ပြီး အာကာသယာဉ်မှူး အက်ဒ်ဝင်အီးအယ်လ်ဒရင်းဂျူနီယာအား လကမ္ဘာ၏မြေပြင်ပေါ်၌ လမ်းလျှောက်နေသည်ကို တွေ့ရပုံဖြစ်သည်။ အနီး၌ အာကာသယာဉ်မှူး နီးလ်အမ်းစထရောင်း ရှိနေခဲ့သည်။ **(ဝဲပုံ)**

(ဓာတ်ပုံ-အင်တာနက်)